ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (3-5-2012) (၇၁၀၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပိုလန်သမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘရွန်နစ်လောကိုမိုရိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပိုလန်သမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒေါ်နယ်တာ့စ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung- Hwan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung-Hwan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong လည်း တက်ရောက်သည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ခင်ရင်းနှီးစွာ အတူတကွ ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ခိုင်မာရေး၊ နည်းပညာ၊ အင်ဂျင်နီယာ ပညာရပ်များနှင့် အခြားအဆင့်မြင့်ပညာကဏ္ဍများ၊ အားကစားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများနှင့် ရေနက်ဆိပ်ကမ်းများ၊ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးတို့ကို ရင်းနှီးချစ်ခင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung-Hwan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

လက်ခံ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung-Hwan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၃-၅-၂၀၁၂(ကြာသပတေးနေ့)။

လူ့အဖွဲ့အစည်းအတွင်းမှ ခေါင်းလောင်းထိုးသံ

လူတို့နေထိုင်ရာ လောကကြီးသည် သဘာဝက အပ်နှင်းထားသော အလှတရားတို့ဖြင့် ပြည့်ဘိ၏။ ယင်းအလှတရားတို့သည် ပကတိရှင်းသန့်၏။ စင်ကြယ်၏။ မြတ်နိုးခုံမင်စရာဖြစ်၏။ သို့သော် ယင်းအလှတရားများကို အရုပ်ဆိုးအကျည်းတန်အောင် အရောင်ဆိုးနေကြသူများရှိ၏။ ယင်းကား အခြားမဟုတ်၊ လူသားများပင် ဖြစ်သည်။

ကမ္ဘာ့နေရာဒေသအချို့ကို ယေဘုယျခြုံကြည့်ရလျှင် တရုတ်နိုင်ငံတွင် လမ်းသွားလမ်းလာ အများအပြား ဂရုမပြု အလေးမထားခဲ့သည့် ယာဉ်တိုက်မှုခင်းဓာတ်ပုံများကို ကမ္ဘာ့နိုင်ငံအနှံ့စာမျက်နှာပေါ်တွင်ပျံ့နှံ့ကာ လူ့အဖွဲ့အစည်းတစ်ခု၏အားနည်းချက်တစ်ခုကို တွေ့မြင်ခဲ့ရသည်။

ထို့ပြင် နော်ဝေနိုင်ငံ အော်စလိုမြို့ကလေးတွင် အယူသည်းသူတစ်ဦး၏ ဗုံးခွဲသတ်ဖြတ်မှုကြောင့် လူပေါင်း ၇၇ ဦး သေဆုံးခဲ့ရသည့်မြင်ကွင်း၊ ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်တွင် မီးတင်ရှို့ရမ်းကားမှုများ စသည်တို့မှာ လူ့အဖွဲ့အစည်းအတွင်းမှ ဖောက်ပြန်မှုအထင်ကရပြယုဂ်များပင် ဖြစ်သည်။

မိမိတို့နိုင်ငံတွင်လည်း ဆိုင်ကယ်ကယ်ရီသမားတို့၏ ရမ်းကားလုယက်ဖျက်ဆီးမှုများ၊ လက်ဖက်ရည်ဝိုင်းတွင် လူတစ်ဦးအား လူတစ်စု ကားနှင့်ရောက်လာကာ လက်နက်မျိုးစုံဖြင့် ဝိုင်းဝန်းရိုက်နှက်သတ်ဖြတ်မှု၊ မြို့လယ်ကောင်တွင် ရုပ်ရှင်ဆန်ဆန် ကားနှင့် ချိတ်ဆွဲသတ်ဖြတ်မှုစသည် စသည်တို့ အစီအရီပေါ်လာခြင်းသည် အနောက်တိုင်းရုပ်ရှင်ကားများ၊ ကိုရီးယားကားများမှ လူမိုက်ဂိုဏ်းဖွဲ့၍ သရုပ်ဆောင်နေမှုစရိုက်များ ကူးစက်လွှမ်းမိုးနေဘိသကဲ့သို့ ရှိ၏။

မြန်မာ့လူ့ဘောင်သည် ကရုဏာတရားကြီးမားပြီး ပြစ်မှုကြီးငယ်တို့ရှိပါက မျက်နှာမရွေး အရေးယူအပြစ်ပေးသည့်နိုင်ငံဖြစ်သည်။ သို့သော် ဥပဒေမဲ့ရမ်းကားမှုများ တစ်စထက်တစ်စ ပို၍တိုးလာသည်ဟု ကောက်ချက်ချနိုင်ပါသည်။ ဤသည်မှာ အေးချမ်းသော၊ ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်းအတွက် စိန်ခေါ်နေမှုများ ဖြစ်ပါတော့သည်။

ဤသို့ လူ့ဘောင်အဖွဲ့အစည်းအတွင်း ထိန်းကျောင်းမှုအားနည်း၍ အုပ်စုဖွဲ့ကာ ဥပဒေမဲ့ပြုကျင့်မှုများ များပြားလာရာ ရပ်ရွာအေးချမ်းသာယာမှုကိုလည်း ခြိမ်းခြောက်နေသကဲ့သို့ ရှိ၏။ ရပ်ရွာအတွင်း၌ မူးချင်တိုင်းမူး၊ ဆူချင်တိုင်းဆူ၊ တစ်လမ်းလုံးလူမထင်သည့်ဖြစ်ရပ်များမှာလည်း တိုက်ခန်းအသီးသီးမှ ရပ်ကြည့်နေကြသည့် အဆင့်ထက်မပို။ စင်စစ် ခေတ်သစ် စနစ်သစ်ဖြင့် ချီတက်နေရာတွင် ပြည်သူလူထုသည်လည်း ပဓာန မဏ္ဍိုင် ဆိုသည့်ကဏ္ဍမှ ပါဝင်နေကြသူများ ဖြစ်သည်။ မိမိတို့နေထိုင်ရာ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အလိုက် မိမိတို့၏ လူ့အဖွဲ့အစည်းအား အပြန်အလှန်ထိန်းကျောင်းမှုရှိသင့်သည်။ ငါနှင့်မဆိုင်၊ ငါ့ဆွေမျိုးသားချင်းမဟုတ် ဆိုသည့် အတွေးဖြင့် နေသာသလိုနေ၍ မဖြစ်နိုင်။ အကြောင်းမူ လူသည် တစ်ဦးတည်းနေထိုင်၍ မရ။ လူ့အဖွဲ့အစည်းအတွင်း၌သာ ကျင်လည်လှုပ်ရှားနေရသူများဖြစ်ပါသည်။

တရားလက်လွတ်ပြုကျင့်သူများအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေက အကာအကွယ်ပေးနိုင်ပါသည်။ (ဥပဒေက အခိုင်အမာပြဋ္ဌာန်းပြီးဖြစ်၍ ပြစ်မှုထင်ရှားပါက အမြန်ဆုံးစီရင်ဆုံးဖြတ်၍ ပြည်သူကို သိစေအပ်၏။ ပြစ်မှုထင်ရှားသော်လည်း ကြာမြင့်စွာ အချိန်ဆွဲ၍ ဆုံးဖြတ်ချက်ချရာတွင်လည်း မျှတမှုမရှိခဲ့လျှင် တရားစီရင်ရေးမဏ္ဍိုင်အပေါ် ယုံကြည်အားကိုးမှု ကင်းမဲ့စေနိုင်ပါသည်။) ထို့ကြောင့် ဥပဒေမဲ့ရမ်းကားမှုများအား မှန်ကန်သည့် စီရင်ဆုံးဖြတ်ချက်၊ တစ်နည်းအားဖြင့် ပြစ်မှုနှင့်ပြစ်ဒဏ်မျှတမှန်ကန်စွာဖြင့် နည်းလမ်းကျကျ ထိထိမိမိဆောင်ရွက်ရန် လိုအပ်နေပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် ရှည်လျားလှပါသည်။ အသွေးအရောင် အယူအဆ မတူကြစေကာမူ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဖြင့် အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် နေလာခဲ့ကြသူများဖြစ်သည်။ သူစိမ်းတစ်ရံဆံများလည်း မဟုတ်ကြ။ တစ်ဦးနှင့်တစ်ဦး နာလိုမုန်းထက် ရက်စက်ရမည့်သူများလည်း မဟုတ်။ သို့သော် ယခုအခါ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသော ပြယုဂ်များကား လူ့အဖွဲ့အစည်းအတွင်းမှ ယိုယွင်းပျက်ပြားနေမှုများအား အချက်ပေးခေါင်းလောင်းထိုးနေသကဲ့သို့ ဖြစ်သည်။

စင်စစ် ယင်းခေါင်းလောင်းသံများသည် သက်ငယ်ချောင်းနှင့် ခေါင်းလောင်းထိုးနေခြင်းမဟုတ်။ သိသာပြင်းထန်သော လှုပ်ရှားမှုများဖြင့် အဆက်မပြတ်ရိုက်ခတ်မှုကြောင့် နေရာအနှံ့မှ ကြားနိုင်သော ခေါင်းလောင်းထိုးသံများ ဖြစ်နေသည်ကို သတိချပ်သင့်ပေသည်။ ။

မိုဘိုင်းတယ်လီဖုန်းဆက်သွယ်မှုကွန်ရက် အရည်အသွေးမြှင့်တင်ရေးဆွေးနွေး

ဆက်သွယ်ရေးကဏ္ဍ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂

ယခု ဆွေးနွေးပွဲသည် လက်ရှိဆောင်ရွက်နေသည့် မိုဘိုင်းတယ်လီဖုန်းစနစ်ကို အရည်အသွေးမီစွာ တိုးချဲ့တပ်ဆင်ရေးစီမံကိန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကဏ္ဍအသီးသီးအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ချိန်ထိုးသုံးသပ်ပြီး အားနည်းချက် အားသာချက်များအပေါ် ပွင့်လင်းစွာဖြင့် ဆွေးနွေးသုံးသပ်ကာ ပြုပြင်ပြောင်းလဲရန်အချက်များ၊ မူဝါဒများ၊ နည်းပညာများ၊ စက်ကိရိယာပစ္စည်းများနှင့် လူ့စွမ်းအားအရင်းအနှီးများကို အကြံပြုဆွေးနွေးတိုင်ပင်ကြမည့် ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများဖြင့် ချိန်ထိုးဆန်းစစ်ထားသည့် လေ့လာတွေ့ရှိချက်များအား ပွင့်လင်းစွာ ဆွေးနွေးပေးမှသာ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် အနာဂတ်တွင် နိုင်ငံတကာအဆင့်မီ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ဧပြီ ၃၀ ရက်က နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်မှုကွန်ရက် အရည်အသွေးမြှင့်တင်ရေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ အိုင်ယာလန်နိုင်ငံ Digicel ကုမ္ပဏီမှ Vice Chairman Mr. Seamus Lynch က မိတ်ဆက်စကားပြောကြားပြီး တာဝန်ရှိသူများက မိုဘိုင်းဆက်သွယ်မှုကွန်ရက် အရည်အသွေးမြှင့်တင်ရေးနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းအကြံပြုဆွေးနွေးကြကာ ဌာနကြီးမှူးများနှင့် အင်ဂျင်နီယာချုပ်များက ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံများနှင့် ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍကို ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ခေတ်နှင့်လျော်ညီသည့်အတွေးအခေါ် နည်းပညာနှင့် စက်ပစ္စည်းများပါ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၂၀	ဇာတ်လမ်းတို
၄း၄၀	မွေးမြူသုတ
၅း၂၀	သာယာသီကြွေးခေတ်ဆန်းတေး
၆း၃၀	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၄၇)
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၁၄)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အနုပညာရှင်၏တစ်နေ့တာ -ကုန်သွယ်သုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၁၈) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၂၅)**

ယနေ့ဖတ်စရာ မှတ်စရာ **ဘကြီးအောင်**

နှမ်းစပါးမို့ အလေးထားစို့

"မိမိတို့နိုင်ငံတွင် သင့်တင့်မျှတသော ရာသီဥတု၊ ပေါကြွယ်ဝသည့် ရေမြေသယံဇာတများ ပိုင်ဆိုင်ထားသည်ဖြစ်ရာ မကြာတော့မည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ အတွက် နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံရေးသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်" ဟူ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ပါရှိသည်။

ယခင် မိမိတို့ငယ်စဉ်က နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ မိုးစပါး တစ်မျိုးတည်းကိုသာ သမားရိုးကျအားကိုးအားထားစိုက်ပျိုးခဲ့ကြသည်။ ယခုကား ဤသို့မဟုတ်တော့ပါပြီ။ နိုင်ငံတော်က ဈေးကွက်ဝင် သီးနှံအမည်စုံကို တစ်နှစ်တစ်သီးမှ နှစ်သီး၊ သီးထပ်၊ သီးညှပ်များ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဘက်ပေါင်းစုံက လက်တွေ့ကျကျ အားပေးဆောင်ရွက်ခဲ့သည်။

ယင်းသို့အားပေးဆောင်ရွက်ခြင်းများတွင် နွေစပါး စိုက်ပျိုးထုတ်လုပ်မှုသည် အဓိကကဏ္ဍက ပါဝင်လာသည်။ မိုးစပါးအပြင် နွေစပါးကို အလေးထားစိုက်ပျိုးလာကြသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံးမိုးစပါးစုစုပေါင်း ၁၆၁၃၄၀၇၄ ဧကစိုက်ပျိုးခဲ့ပြီး နွေစပါး စုစုပေါင်း ၂၄၇၆၁၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ရာ မိုးစပါး၊ နွေစပါးစုစုပေါင်း ၁၈၆၁၀၂၀၃ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ် နွေရောက်ပါပြီ၊ တစ်နိုင်ငံလုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးခဲ့ကြသော နွေစပါးများမှာ ရွှေရောင်အဆင်းများဖြင့် ဝင်းဝါရင့်မှည့်နေကြပါပြီ၊ ကောက်ရိတ်သိမ်းပွဲများကိုလည်း ဒေသအနှံ့ ဆင်နွှဲနေကြပါပြီ။

နိုင်ငံတော်အနေဖြင့် စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် မျိုးကောင်းမျိုးသန့် မျိုးစပါး၊ သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစု၊ အရင်းအနှီး၊ ခေတ်မီစိုက်ပျိုးရိတ်သိမ်းခြွေလှေ့စက် စသည့်ပံ့ပိုးမှုနှင့်အတူ တောင်သူများ၏ လုပ်အား၊ အရင်းအနှီးတို့ဖြင့် စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာသည့် စပါးများ လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုမရှိစေရန် အလေးထားဆောင်ရွက်ကြရပေမည်။

မိုးလေဝသ ရာသီဥတုအခြေအနေဟူသည် နေ့စဉ်ဖြစ်ပျက်ပြောင်းလဲနေသည်ဖြစ်ရာ လေကြီးခြင်း၊ မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များလည်း အချိန်အခါမဟုတ် ဖြစ်တတ်ပေရာ ယခုကဲ့သို့သော နွေစပါးရိတ်သိမ်းရာသီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ နှိုးဆော်ထားချက်များကို အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန် လိုပါသည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍအရှိန်အဟုန်မြှင့်တင် တိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးနေချိန်တွင် တောင်သူများအပိုင်းက ဒေသ၊ ရာသီဥတု၊ ရေ၊ မြေနှင့် ကိုက်ညီသည့် စပါးမျိုးများကို နွေရော၊ မိုးပါ တိုးချဲ့စိုက်ပျိုးခြင်းများအပြင် နိုင်ငံတော်က ထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် ပုလဲသွယ်စပ်မျိုးစပါး၊ ဘာစမာတီစပ်မျိုးစပါးနှင့် အရည်အသွေးမီ ပေါ်ဆန်းမွှေးစပါးတို့ကို နွေစပါးအဖြစ် နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုးနိုင်အောင် ရည်မှန်းဆောင်ရွက်ကြရန် လိုပါသည်။

သို့မှသာ နိုင်ငံတော်က မျှော်မှန်းသည့် တောင်သူများ၏ လူနေမှုဘဝ၊ အလုပ်အကိုင်၊ အခွင့်အလမ်း၊ မိသားစုဝင်ငွေ ပိုမိုတိုးတက်ခံစားရရှိစေရန်နှင့် နောင်တိုးပွားလာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး ရည်ရွယ်ချက်ကိုပါ အကောင်အထည်ဖော်ရာ ရောက်မည်ဖြစ်ပါသည်။ **"နွေစပါးမို့. . . အလေးထားစိုက်ပျိုးကြပါစို့"**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၄. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၈၆၄၅	၀. ၀၃၂၄၀
တရုတ် (ယွမ်)	၆. ၃၀၈၈၀	၀. ၁၅၈၅၁
အိန္ဒိယ (ရူပီး)	၅၂. ၉၇၅၀	၀. ၀၁၈၈၈
မလေးရှား (ရင်းဂစ်)	၃. ၀၂၉၀၀	၀. ၃၃၀၁၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၉၉၀	၀. ၈၀၆၅၁
ဂျပန် (ယန်း)	၈၀. ၁၁၃၈	၀. ၀၁၂၄၈
တောင်ကိုရီးယား(ဝမ်)	၁၁၂၉. ၆၉	၀. ၀၀၀၈၉
ယူရို	၀. ၇၆၁၁၁	၁. ၃၁၃၈၇
ဗြိတိသျှ (ပေါင်)	၀. ၆၁၈၃၁	၁. ၆၁၇၃၁

အင်တာနက်။

နိုင်ငံတကာပညာရေးစနစ်နှင့်အညီ ကလေးဗဟိုပြုချဉ်းကပ်သင်ယူခြင်း စနစ်ပြောင်း

မန္တလေး မေ ၂

ကျောင်းသားကျောင်းသူများအား အနီးကပ်ချဉ်းကပ်၍ အခြေခံကောင်းများ ရရှိသည်အထိ လိုအပ်သလို လေ့ကျင့်သင်ကြားနိုင်ရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနက အခြေခံပညာကဏ္ဍမူလတန်းအဆင့်တွင် ကလေးဗဟိုပြုချဉ်းကပ်သင်ယူခြင်းစနစ်အား ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခင်က အခြေခံပညာသင်ကြားသင်ယူမှုတွင် ဆရာဗဟိုပြုကျောင်းသားမှ မှတ်သားသင်ယူစနစ်ကျင့်သုံးခဲ့ရာ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းနည်းပါးခဲ့သဖြင့် နိုင်ငံတကာပညာရေးစနစ်နှင့်အညီ ကလေးဗဟိုပြုချဉ်းကပ် သင်ယူခြင်းစနစ်အား ပြောင်းလဲအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ (၆၅၃)

လျှော်ကားဥယျာဉ် ကဆုန်လပြည့်နေ့ ဖွင့်မည်

နေပြည်တော် မေ ၂

လျှော်ကားဥယျာဉ်ကို မေ ၅ ရက် (ကဆုန်လပြည့်နေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။
(သတင်းစဉ်)

◆ကျောဖုံးမှ

အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကြောင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သယ်ယူပို့ဆောင်ရေး အစရှိသည့် ကဏ္ဍပေါင်းစုံတွင် နှစ်ဖက်တိုးတက်အောင်မြင်မှု မှတ်တိုင်များစိုက်ထူနိုင်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းလျက်ရှိသည်ကိုလည်း အထင်အရှားတွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယနေ့ တရုတ်ပြည်ကျွမ်းဘား အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုသည် တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုကို အားဖြည့်ပေးနိုင်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု မြင့်မားလာစေရန် ရည်ရွယ်ပြီး နှစ်နိုင်ငံလူမှုရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အဖြစ် တင်ဆက်ခြင်းဖြစ်ပါကြောင်း၊ တရုတ်ပြည်ကျွမ်းဘားအနုပညာရှင်အဖွဲ့အနေဖြင့် ဧပြီ၂၇ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံကိုလာရောက်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တင်ဆက်ဖျော်ဖြေမည်ဖြစ်ပါကြောင်း၊ ထိုဖျော်ဖြေပွဲများမှ ရရှိသောဝင်ငွေများကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကို "ယနေ့မြန်မာ့လူ့ဘောင်ကို အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံနှင့်အဝန်း တည်ဆောက်ထားပြီးဖြစ်သည့် ကျေးရွာစာကြည့်တိုက်များအား စံ(၅)ရပ်နှင့်ကိုက်ညီသော အခိုင်အမာစာကြည့်တိုက်များအဖြစ် ရပ်တည်လာနိုင်ရေးနှင့် ရေရှည်တည်တံ့ပြီး ခိုင်မာအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး" အတွက် ရည်ရွယ်ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် မြန်မာပြည်သူအားလုံး၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်း အကျိုးစီးပွားအတွက် အခြေခံကျသော လုပ်ငန်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ တရုတ်ပြည်ကျွမ်းဘားအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေပွဲမှ ဝင်ငွေများအားလုံးကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကို လှူဒါန်းမည်ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာကြည့်တိုက်ဖောင်ဒေးရှင်းကလည်း တရုတ်ပြည်ကျွမ်းဘားအနုပညာရှင်အဖွဲ့ကို အထူးကျေးဇူးတင်လျက်ရှိပါသည်ဟု အသိပေးဖော်ပြ ပြောကြားလိုပါကြောင်း။

ထို့ပြင် ဤဖျော်ဖြေတင်ဆက်ပွဲကြီးကို ပိုမိုသက်ဝင်အောင်မြင်အောင် အားဖြည့်နိုင်ရန်အတွက် ၂၀၀၉-၂၀၁၀ ခုနှစ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျွမ်းဘားပညာရပ်များ သွားရောက်လေ့ကျင့်သင်ကြားခဲ့သည့် မြန်မာလူငယ်ကျွမ်းဘားပညာရှင် ၁၀ ဦးတို့ကပါ တရုတ်ကျွမ်းဘား အားကစားသမားများနှင့်အတူ ပူးပေါင်းဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည့်အတွက် ကြွရောက်လာကြသော ဧည့်ပရိသတ်များအားလုံး၏ တစ်ခဲနက် နှစ်ခြိုက်အားပေးမှုကို ရရှိနိုင်လိမ့်မည်ဟုလည်း မိမိအပြည့်အဝယုံကြည်မျှော်လင့်မိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် ယခုကဲ့သို့ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်များအရ ဖျော်ဖြေတင်ဆက်ပွဲများကို အပြန်အလှန် ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် နှစ်ဖက်ထိတွေ့ဆက်ဆံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်များကို ဆတက်ထမ်းပိုးတိုးပြီး ဆက်လက်လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက်ဆန္ဒပြုပါကြောင်း၊ ထို့အပြင် ယနေ့ညဖျော်ဖြေတင်ဆက်ပွဲ အောင်မြင်ပါစေကြောင်းနှင့် လာရောက်ဖျော်ဖြေသောအဆွေတော်တို့၏ တရုတ်ပြည်ကျွမ်းဘားအနုပညာရှင်အဖွဲ့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့က လှုပချိန်ဆ ဘဲလေးအက၊ ပန်းကန်ပြားပဒေသာ ပြကွက်၊ ကြိုးတန်းလျှောက်ပြကွက်၊ စည်တိုအလှခြေစွမ်းပြ ပြကွက်၊ ပျော့ပျောင်းလှစွာ လူ့ခန္ဓာပြကွက်နှင့် ဒိုင်ယာဘိုလို ရွဲ့အလှပြကွက်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကပြကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းဘားပညာသင်ယူခဲ့သော မြန်မာလူငယ်လေးများက လက်မောင်းသန်စွမ်းမှုပြကွက်၊ စဉ့်အိုးလေးများ နဖူးပေါ်တင်ထားပြကွက်၊ လုံ့ပဒေသာနှင့် ကျွမ်းဘားပြကွက်တို့ဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့က တိုင်ထောင်ဘားကျွမ်းပြကွက်၊ ဖန်ခွက်များနှင့် ခန္ဓာပျော့ပျောင်းမှုပြကွက်၊ ကြိမ်ကွင်းပဒေသာပြကွက်၊ ဘောလုံးဖမ်းမယ် တူပျော်ပျော်၊ စက်ဘီးစွမ်းရည်ပြကွက်များဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြပြီး ဖျော်ဖြေပွဲကို ရုပ်သိမ်းလိုက်သည်။

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာတို့က တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့သည် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့၌ ဖျော်ဖြေတင်ဆက်ခဲ့ပြီး မေ ၄ ရက်နှင့် ၅ ရက်တို့တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ဖျော်ဖြေပွဲလက်မှတ် ရောင်းရငွေများကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲတွင် ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

ကုမ္ပဏီ၊ အသင်းအဖွဲ့များ ဖွဲ့စည်းရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်ခြင်း နိုင်ငံတကာစီးပွားရေး အသိုက်အဝန်း ဝင်ရောက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း လုပ်ငန်းများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၌ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ မြန်မာ့စီးပွားရေးအသိုက်အဝန်းအား အာဆီယံ စီးပွားရေးအသိုက်အဝန်းမှတစ်ဆင့် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်၍ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လူအား၊ ငွေအား၊ ကုန်ပစ္စည်းအား စုစည်းဆောင်ရွက်နိုင်မည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းရေး၊ ငွေကြေးဈေးကွက်ဖြစ်ပေါ်ရေးနှင့် နိုင်ငံတကာ အကူအညီအထောက်အပံ့များ ကမ်းလှမ်းလာပါက ဆောင်ရွက်ရမည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များကလည်း စီးပွားရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံသို့ ပေးစာ

နှစ်သိန်းတန်ဖုန်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားချက်များ ဂရုပြုဖတ်ရှုစေချင်

နှစ်သိန်းတန်ဖုန်းများနှင့် ပတ်သက်၍ သတင်းစာ၊ ဂျာနယ်များတွင် ဖုန်းလိုင်းများ မပွင့်သေးသည့် ကိစ္စ၊ လိုင်းမမိသည့် ကိစ္စတို့ကို ဖတ်နေရသည်။

လောလောလတ်လတ် သတင်းတစ်ပုဒ်မှာ ယနေ့ကြေးမုံသတင်းစာပါ နယ် GSM ဖုန်းကတ်များ လိုင်းမပွင့်သေး ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ပါရှိလာသည်။ ခဏလေးတောင် မစောင့်နိုင်ကြပါလားကွယ်ရို့။ လူ့အလိုနတ်မလိုက်နိုင်သော ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ လူ့သဘောမို့ စောကြောပြီး အပြစ်ရယ်လို့ ဆိုမနေတော့ပါ။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း GSM မိုဘိုင်းလ်တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအရ နှစ်သိန်းတန် တယ်လီဖုန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း နယ်မြို့များတွင် ၂၀၁၂ ခုနှစ် မတ် ၂၈ မှ စတင်၍ လည်းကောင်း၊ မန္တလေးမြို့ပေါ်တွင် ၂၀၁၂ ခုနှစ် ဧပြီ ၉ ရက်တွင် လည်းကောင်း စီမံကိန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီမှ တစ်ဆင့် ရောင်းချပေးခဲ့သည်။ ၂၀၁၂ ခုနှစ် မတ် ၂၈ ရက်တွင် ရောင်းချပေးသည့် နယ်မြို့များအတွက် GSM မိုဘိုင်းလ်တယ်လီဖုန်းများသည် လောလောဆယ် မန္တလေးမြို့ပေါ်တွင် ပြောဆို၍ မရသေးကြောင်းကို ရောင်းချမည့် အစီအစဉ်များနှင့်အတူ သတင်းစာ၊ ဂျာနယ်များမှလည်းကောင်း၊ ဆက်သွယ်ရေးစခန်းများတွင် ကြော်ငြာချိတ်ဆွဲ၍လည်းကောင်း အများပြည်သူသို့ ကြေညာခဲ့ပြီး အစီအစဉ်အတိုင်း ရောင်းချပေးခဲ့ခြင်း ဖြစ်သည်။

ရောင်းချပေးမည့် အစီအစဉ်အတိုင်း ရေဒီယိုနယ်နိမိတ်ကန့်သတ်ချက်များကို ဆောင်ရွက်ထားရှိခဲ့သဖြင့် ခေါ်ဆိုမရခဲ့ခြင်းဖြစ်သည်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မြို့ပေါ်၌သုံးစွဲ၍ မရရှိသေးပါ။

ကြိုတင်ကြေညာထားသည့်အတိုင်း ၂၀၁၂ ခုနှစ် မေ ၃ ရက် (ယနေ့)တွင် GSM/ MUTS မိုဘိုင်းလ်တယ်လီဖုန်းများအားလုံး မြန်မာနိုင်ငံတစ်ဝန်း နေရာဒေသမရွေး ယူဆောင်ပြောဆိုနိုင်အောင် စီစဉ်ထားပြီးဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်ခင်ဗျား။ ။

သက်ကျော်စွာ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနမှ Programme Incharge Mr. Claude Jentgen နှင့် လာအိုနိုင်ငံ Lanith အဖွဲ့မှ Chief Technical Advisor Mr. Peter Semone တို့က ရှင်းလင်းတင်ပြပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနနှင့် လာအိုနိုင်ငံ Lanith အဖွဲ့ တို့မှ ရှင်းလင်းတင်ပြပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂

မြန်မာနိုင်ငံ၌ လာအိုနိုင်ငံ Lanith ဟိုတယ်သင်တန်းကျောင်းကဲ့သို့ ဟိုတယ်သင်တန်းကျောင်းဖွင့်လှစ်နိုင်ရေးအတွက် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနမှ Programme Incharge Mr. Claude Jentgen နှင့် လာအိုနိုင်ငံ Lanith အဖွဲ့မှ Chief Technical Advisor Mr. Peter Semone တို့က ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လာအိုနိုင်ငံ Lanith အဖွဲ့မှ Chief Technical Advisor Peter Semone က လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုများ၊ Lanith စီမံကိန်းမှ နည်းပြ ဆရာ ဆရာမများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ သင်တန်းတက်ရောက်အောင်မြင်မှု၊ ကျွမ်းကျင်မှုအဆင့်ကို အသိအမှတ်ပြုပေးသည့် အခြေအနေများ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မလေးရှားတွင် အနည်းဆုံးလုပ်ခစနစ် စတင်အကောင်အထည်ဖော်

ကွာလာလမ်ပူ မေ ၂

မလေးရှားအစိုးရသည် မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပမည်ဟု မှန်းဆချက်များ ထွက်ပေါ်နေစဉ်မှာပင် ဝင်ငွေနည်းပါးသည့် မိသားစုများကို ထောက်ပံ့ရန် လှုပ်ရှားမှုတစ်ခုအဖြစ် အနည်းဆုံးလုပ်ခလစာ စနစ်ကို ပထမဆုံးအကြိမ် အစိုးရက စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်ဟု မေ ၁ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံအတွင်း ပုဂ္ဂလိကအခန်းကဏ္ဍမှ အလုပ်သမားများသည် အနည်းဆုံးလုပ်ခအဖြစ် တစ်လလျှင် ရင်းဂစ် ၉၀၀(၂၉၇ ဒေါ်လာ)ရရှိမည်ဖြစ်သည်။

အရှေ့တောင်အာရှတွင် တတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် မလေးရှားသည် ၂၀၂၀ ခုနှစ်တွင် ချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိရန် စီမံချက်ချထားပြီးဖြစ်သည်။

ယခုကဲ့သို့ အနည်းဆုံး လုပ်ခလစာစနစ် ကျင့်သုံးခြင်းသည် မလေးရှားနိုင်ငံအတွက် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပြောကြားခဲ့သည်။

ယခုအခါ အနည်းဆုံးလုပ်ခပေးခြင်းသည် အလုပ်သမားများကို ဆင်းရဲတွင်းမှ ကယ်တင်နိုင်ရန် အာမခံ၍ လူနေမှုစရိတ်ကြီးမြင့်ခြင်းကို အမီလိုက်နိုင်မည်ဖြစ်သည်ဟုဆိုသည်။

အလုပ်သမားများနှင့် ဝင်ငွေနည်းပါးသူတို့က အဆိုပါစနစ်ကို ကြိုဆိုကြသော်လည်း လုပ်ငန်းငယ်များကို ထိခိုက်နစ်နာစေမည်ဟု ယုံကြည်ကြောင်း ဝေဖန်သူတို့က ပြောကြားသည်။

ကျေးလက်အစွန်အဖျားဒေသများနှင့် မြို့ငယ်များတွင် နေထိုင်သူများအတွက် ရင်းဂစ် ၉၀၀ သည် အလွန်များပြားသောငွေကြေးဖြစ်ကြောင်း မလေးရှားလုပ်ငန်းရှင်များအဖွဲ့မှ ညွှန်ကြားရေးမှူး ရှန်ဆူဒင်ဘာဂန်က ပြောကြားခဲ့သည်။

မစ္စတာ ဘာဒန်က ဆက်လက်ပြောကြားသည်မှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကုန်ကျစရိတ်ပိုမို များပြားလာသော ဆာဘားနှင့် ဆာရာဝပ်ကဲ့သို့သော ဒေသများတွင် အဆိုပါစနစ်ကြောင့် လုပ်ခလစာသည် ၄၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ တိုးလာမည်ဟုဆိုသည်။

လုပ်ခလစာကို အလုပ်သမားတို့၏ ကုန်ထုတ်စွမ်းအားနှင့် လုပ်ငန်းကျွမ်းကျင်မှုတို့နှင့် ဆက်စပ်ထားလျှင် အခြေအနေကို စီမံခန့်ခွဲရာတွင် ပိုမိုကောင်းမွန်မည်ဟု ယူဆကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ်က လုပ်ငန်းငယ်များကို စနစ်သစ်ဖြင့် လိုက်လျောညီထွေကျင့်သုံးနိုင်စေရန် တစ်နှစ် ရွှေ့ဆိုင်းပေးမည်ဟု ပြောကြားခဲ့သည်။ **အင်တာနက်။**

မေ ၂ရက်နံနက်ပိုင်းက ကဘူးမြို့ အရှေ့ပိုင်း နိုင်ငံခြားသားများနေထိုင်ရာ စခန်းအနီး၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားအပြီး မြင်ကွင်းတစ်ရပ်။ (ဓာတ်ပုံ-အင်တာနက်)

ကဘူးမြို့အရှေ့ပိုင်း နိုင်ငံခြားသားများနေထိုင်ရာစခန်းအနီး၌ အသေခံဗုံးခွဲမှုများ ဖြစ်ပွား၍ လူ ရှစ်ဦးထက်မနည်း သေဆုံး

ကဘူး မေ ၂

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးမြို့အရှေ့ပိုင်းရှိ နိုင်ငံခြားသားများ နေထိုင်ရာစခန်းတစ်ခုအနီးတွင် မေ ၂ရက် နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် သေနတ်ဖြင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးမြို့ ရဲအဖွဲ့မှ ပြောကြားသည်။

ပူလ်အီချာကီဒေသမှ အစိမ်းရောင်ရွာအမည်ရှိ နိုင်ငံခြားသားများနေထိုင်ရာ စခန်းအနီးတွင် မေ၂ ရက်နံနက်က အနည်းဆုံး အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် နိုင်ငံခြားသား လုံခြုံရေးအစောင့်တစ်ဦး၊ အရပ်သားငါးဦးနှင့် အသေခံဗုံးဖောက်ခွဲရေးသမား နှစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရဲအဖွဲ့မှ ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမား အာဖဂန်နစ္စတန်နိုင်ငံသို့ ရုတ်တရက်လာရောက်ခဲ့ကာ ကဘူးမြို့မှ ပြန်လည်ထွက်ခွာသွားပြီး နာရီအနည်းငယ်အကြာတွင် အဆိုပါ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုများမှာ မေ၂ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားခဲ့သည်။ ***အင်တာနက်။***

နှစ်နိုင်ငံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နယူးဇီလန်နှင့် အမေရိကန်လက်မှတ်ရေးထိုး

ဝယ်လင်တန် မေ ၂

နယူးဇီလန်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့သည် ကုန်သွယ်ရေး၊ စီးပွားရေးတို့ကို ပိုမိုလွယ်ကူစွာ ရောင်းဝယ်လုပ်ကိုင်နိုင်ရန်နှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုနှင့် လုံခြုံရေးခြိမ်းခြောက်မှုများကို အပြန်အလှန်သတင်းပေးဆောင်ရွက်ကြရန် မေ ၂ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူစာချုပ်ကို နယူးဇီလန် အကောက်ခွန်ဌာနဝန်ကြီး ဝဲလ်လမ်ဆွန်နှင့် အမေရိကန် ပြည်တွင်းလုံခြုံရေးဌာန ဝန်ကြီး ဂျဲနက်နာပိုလီတာနိုတို့ ဝယ်လင်တန်မြို့၌ လတ်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါစာချုပ်၌ နှစ်နှစ်တာပူးပေါင်းဆောင်ရွက်ရေးနှင့်အကောင်အထည်ဖော်ရေး စီမံချက်ပါရှိသည်။

နယ်စပ်ဒေသလုံခြုံစိတ်ချမှုရှိရေး နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု ဖြိုခွင်းရေးနှင့် တရားဝင် ကုန်သွယ်သွားလာနိုင်ခွင့်ရှိရန် နှစ်နိုင်ငံကြား ပူးတွဲသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ အမေရိကန်နှင့် ပိုမိုပူးတွဲဆောင်ရွက်ပြီး နှစ်နိုင်ငံစလုံး၌ စိုးရိမ်ဖွယ်ဖြစ်နိုင်သော ကုန်ပစ္စည်းများနှင့် ပြည်သူများ၏အရေးကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ချုပ်ဆိုခြင်းဖြစ်သည်ဟု ဝဲလ်လမ်ဆွန်ကပြောကြားခဲ့သည်။ **ဆင်ဟွာ။**

လန်ဒန်အိုလံပစ်ပြိုင်ပွဲ ကျင်းပစဉ်ကာလအတွင်း ကောင်းကင်ယံမှ လုံခြုံရေးစောင့်ကြပ်မည့် ဗြိတိန်လေတပ်မှ တိုက်ဖွန်းအမျိုးအစား တိုက်လေယာဉ်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် လေ့ကျင့်ပျံသန်းရန် တိုက်ဖွန်းတိုက်လေယာဉ်များ လန်ဒန်မြို့သို့ ရောက်ရှိ

လန်ဒန် မေ ၂

လန်ဒန်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ကြီးမားကျယ်ပြန့်သော စစ်ဆင်ရေးဆိုင်ရာ လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ရန်အတွက် ဗြိတိန်တော်ဝင်လေတပ်မှ တိုက်ဖွန်းအမျိုးအစား ဂျက်တိုက်လေယာဉ်များ လန်ဒန်လေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာကြောင်း မေ ၂ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်များသည် ဗြိတိန်တော်ဝင်လေတပ်၏ နော့လော့တ်လေတပ်အခြေစိုက်စခန်းတွင် တပ်စွဲကာ လန်ဒန်အိုလံပစ်ပွဲတော်အား ထိန်းသိမ်းစောင့်ရှောက်မှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လန်ဒန်မြို့ ကောင်းကင်ယံ၌ ကိုးရက်ကြာ လေ့ကျင့်ပျံသန်းမည်ဖြစ်သည်။

လန်ဒန်အနောက်ပိုင်းဒေသ၌ ဂျက်တိုက်လေယာဉ်များ စခန်းချမှုသည် ဒုတိယကမ္ဘာစစ်ကာလနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

လောင်စာဆီများတရားမဝင်ထုတ်ယူမှု ရုရှားနိုင်ငံ မြစ်တစ်စင်းအတွင်းသို့ ဒီဇယ်ဆီ တန် ၃၀၀ စီးဝင်ပျံ့နှံ့

အာကူတက်စ်(ရုရှား) မေ ၂

ရုရှားနိုင်ငံတွင် ပိုက်လိုင်းတစ်ခုအတွင်းမှ လောင်စာဆီများကို တရားမဝင်ထုတ်ယူမှုကြောင့် မြစ်တစ်စင်းအတွင်းသို့ ဒီဇယ်ဆီတန်ချိန် ၃၀၀ ခန့် စီးဝင်ပျံ့နှံ့ခဲ့ကြောင်း မေ ၂ ရက်တွင် ဒေသဆိုင်ရာ အစိုးရသတင်းဌာနတစ်ခုမှ ပြောကြားခဲ့သည်။

ရေထုညစ်ညမ်း

ယင်းလောင်စာဆီ ထုတ်ယူမှုသည် ဧပြီ ၂၅ ရက်တွင် ဖြစ်ပွားခဲ့ပြီး ကနဦးခန့်မှန်းချက်များအရ ဒီဇယ်ဆီ ၄၄တန်ခန့် စီးထွက်ခဲ့ကြောင်း၊ ယင်းလောင်စာဆီများ စီးဝင်မှုကြောင့် အန်ဂါနာအမည်ရှိမြစ်တွင် စိုးရိမ်ဖွယ်ရာ ရေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ လူဦးရေ ၇၇၀၀၀ခန့်ရှိသော အနီးဝန်းကျင်ရှိမြို့များသို့ အဆိုပါမြစ်မှ ရေဖြန့်ဝေပေးမှုများကို ရပ်ဆိုင်းခဲ့ကာ စာသင်ကျောင်းများကို ပိတ်ထားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဒေသဆိုင်ရာအစိုးရအဖွဲ့က မြစ်အတွင်းသို့ ဒီဇယ်ဆီများ စီးဝင်ပျံ့နှံ့ပြီးနောက် ရေထုသန့်စင်ရေးကို စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ စွမ်းရည်မြင့် မီးသွေးမှုန်များ မှာယူအသုံးပြုကာ ရေယူအဆောက်အအုံများတွင် ရေသန့်စင် အိမ်ငယ်များအဖြစ် ထည့်သွင်းတပ်ဆင်ကာ ရေသန့်စင်ရေးဆောင်ရွက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမြစ်မှ ရေထောက်ပံ့မှုပေးနေသည့် မြို့သုံးမြို့အနက် တစ်မြို့ကို မေ ၁ ရက်တွင် ရေပေးဝေမှု စတင်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ စာသင်ကျောင်းများကို မေ၂ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး သူငယ်တန်းကျောင်းများမှာ ပိတ်ထားဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ယမန်နှစ် မတ်လအတွင်းက ဂျပန်နိုင်ငံတွင်ဆူနာမီရေလှိုင်းလွှမ်းမိုးမှုဖြစ်ပွားပြီးနောက် လူသုံးကုန်ပစ္စည်းများ ပင်လယ်သမုဒ္ဒရာအတွင်း စွန့်ပစ်အမှိုက်များသဖွယ် မျောပါခဲ့ရာ ကနေဒါနိုင်ငံပိုင် ကျွန်းတစ်ကျွန်း၏ ကမ်းခြေတွင် သောင်တင်ခဲ့သည့် ကုန်သေတ္တာတစ်လုံးအတွင်းမှ Harley Davidson **မော်တော်ဆိုင်ကယ် တစ်စီးကိုတွေ့ရစဉ်။** (ဆိုင်ကယ်ပိုင်ရှင်မှာ ဆူနာမီ ရေလှိုင်းဒဏ်ခံခဲ့ရသည့် အိုင်ကူအို ယိုကိုယာမာအမည်ရှိ ဂျပန်အမျိုးသားတစ်ဦးဖြစ်ပြီး ၎င်းကိုယ်တိုင်မှာလည်း မိသားစုသုံးဦးနှင့်အတူ ဆူနာမီရေလှိုင်းဒဏ်ကို ခံခဲ့ရကာ လောလောဆယ်တွင် ဂျပန်နိုင်ငံ မီယာဂီစီရင်စုရှိ ယာယီအဆောက်အအုံတစ်ခုတွင် နေထိုင်နေရသည်ဆို၏။)

အင်တာနက်။

မက္ကဆီကိုနိုင်ငံ ကမ်းလွန်၌ အင်အား ၇ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်

မက္ကဆီကိုစီးတီး မေ ၂

မက္ကဆီကိုနိုင်ငံတောင်ပိုင်းချီယာပတ်စ်ဒေသကမ်းလွန်၌ မေ ၁ရက်တွင် ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိသော အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ကြောင်း ဒေသတွင်းရှိ အသံလွှင့်ဌာနတစ်ခုက သတင်းထုတ်ပြန်ခဲ့သည်။

ဒေသစံတော်ချိန် ညနေ၅နာရီ ၄၃မိနစ်(ကမ္ဘာ့စံတော်ချိန် ၂၂၄၃နာရီ)၌ မြေငလျင်လှုပ်ခဲ့သည်ဟု ချီယာပတ်စ်ပြည်နယ် ကာကွယ်ရေးဌာနမှရရှိသော သတင်းကို ရေဒီယိုက ထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်၏ဗဟိုချက်မှာ အနက် ၄၄၀၀ ကီလိုမီတာတွင် ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ဖော်ပြခဲ့သည်။ ယင်းနေ့ မွန်းမတည့်မီကလည်း မက္ကဆီကိုနိုင်ငံ အနောက်တောင်ကမ်းခြေရှိ မီချိုယာကန်နှင့် ဂူရေရိုပြည်နယ်တို့၌ ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခဲ့သည်ဟု မက္ကဆီကို အမျိုးသားမြေငလျင်ဌာန (အက်စ်အက်စ်အင်န်) က ပြောကြားခဲ့သည်။

ဒုတိယအကြိမ်လှုပ်ခဲ့သော ငလျင်ဒဏ်ကို ချီယာပတ်စ်ဒေသရှိ ဟူအက်စ်တလာမြို့နှင့် တေဇီဇီပန်မြို့တို့၌ ခံစားရသည်ဟု ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

အဆိုပါငလျင်လှုပ်မှုကြောင်း ထိခိုက်သေဆုံးသူသို့မဟုတ် အပျက်အစီးများကို ယခုအချိန်အထိ သတင်းထုတ်ပြန်ခြင်း မရှိပေ။ ***ဆင်ဟွာ။***

မြန်မာနိုင်ငံ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ် မိခင်ကလေးကျန်းမာရေးကိစ္စများကို အထူးဦးစားပေးဆောင်ရွက်ရန်လို

နေပြည်တော် မေ ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကောင်စီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နီးနွယ်သောဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်ပေါင်း ၁၃ သန်းကျော်၏ စေတနာ၊ မေတ္တာကိုအရင်းခံ၍ မိခင်နှင့်ကလေးများ၊ မိသားစုများအားလုံးကို ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ စွမ်းစွမ်းတမံ အကျိုးပြုစေနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် စွမ်းဆောင်ပေးလျက်ရှိကြသည်ကိုလည်း အားလုံးသိကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် တစ်ခုဖြစ်သည့် "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"အတွက် ဆောင်ရွက်ရာတွင် မိသားစုများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးလက်အသင်း၊ အသင်းခွဲဝင်များအားလုံး၏ ထိရောက်သော လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း မှတ်တမ်းတင်အပ်ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၆၀ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် နိုင်ငံ၏အရေးကြီးပြီး အခြေခံကျသည့် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးအညွှန်းကိန်းများဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အကြီးအကဲများကလည်း မိခင်ကလေးကျန်းမာရေးကိစ္စများကို အထူးဦးစားပေးကဏ္ဍတစ်ရပ်အနေနှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း လမ်းညွှန်ထားပါကြောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအနေနှင့် ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများမှာလည်း နိုင်ငံတော်အကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဌာနဆိုင်ရာများ၊ နီးနွယ်လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ထက်သန်သည့် ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြသည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များပြည့်မီစေရေးအတွက် ကြိုးပမ်းရာမှာ ထိရောက်သောအင်အားတစ်ရပ်လည်း ဖြစ်စေခဲ့ကြောင်း၊ ပင်ကိုအားဖြင့် မိသားစုစိတ်ဓာတ်၊ အချင်းချင်းကူညီရိုင်းပင်းတတ်သည့်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များနှင့် ကျစ်လျစ်ခိုင်မာမှုရှိသည့် အသင်းဝင်များနှင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် အသင်းကြီး စတင်တည်ထောင်ခဲ့သည့် အချိန်ကစပြီး နှစ်စဉ်ရှေ့လုပ်ငန်းစဉ်များချမှတ်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အမျိုးသားရေးအသွင်နှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်လျက်ရှိသော အကျိုးဖြစ်ထွန်းစေမည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျေးလက်ဒေသအထိ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေ မြှင့်တင်စေရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနများ၊ အခြားနီးနွယ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လက်တွဲညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဤလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူများနှင့် အနီးကပ်ဆုံး ထဲထဲဝင်ဝင် ဆောင်ရွက်ပေးနေကြသည့် အသင်းဝင်များ၏ ဆောင်ရွက်မှုသည်လည်း မိမိလူမျိုး၊ မိမိနိုင်ငံအကျိုးအတွက် အရေးပါသော မှတ်တိုင်များဖြစ်ကြောင်း။

မိသားစုအားလုံးအတွက် ကျန်းမာရေးကဏ္ဍမှာ မရှိမဖြစ်လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ အနယ်နယ်အရပ်ရပ်မှာရှိကြသော အသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုအင်အားနှင့် ယခုကဲ့သို့ အကျိုးရှိသောရလဒ်များ ရရှိနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အသင်းကြီး၏ လုပ်ငန်းများဆိုင်ရာ စနစ်တကျရှိသော လေးလပတ်အစီရင်ခံစာ၊ နှစ်ချုပ်အစီရင်ခံစာများနှင့် သုတေသနစာတမ်းများ အရည်အသွေးမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသကဲ့သို့ ပြည်သူ့အကျိုးပြု စံနမူနာကောင်းများအဖြစ် ဆက်လက်ထိန်းသိမ်းကြရမှာဖြစ်ကြောင်း၊ သုတေသနစာတမ်းပြုစုသည့် အကြောင်းအရာများအနေနှင့်လည်း ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေးလေးနက်နက် စဉ်းစားတွေးခေါ် လုပ်ဆောင်ထားကြသည်ကိုလည်း အားတက်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဆင့်ဆင့်မှ အသင်းဝင်များအနေနှင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး၍ ကိုယ်တိုင်ကျင့် တစ်ဆင့်ပွားကာ မြို့ပြကျေးလက်အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့ ခေါင်းဆောင် Beijing Municipal Bureau of Culture မှ Deputy Director General, Mr. Ye Chonghui နှင့် အနုပညာရှင်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ယနေ့မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ ခေါင်းဆောင် Beijing Municipal Bureau of Culture မှ Deputy Director General, Mr. Ye Chonghui နှင့် အနုပညာရှင်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

စာရေးသူစိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ ရွှေစင်မြင်းမိုရ် အဘိဓမ္မာစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးသူ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ ရွှေစင်မြင်းမိုရ် အဘိဓမ္မာစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာရေးသူက ၎င်း၏ ထုတ်ဝေပြီး စာအုပ်ဖြစ်သော "နယသာဂရ ပဋ္ဌာန်းတရားတော်"ကို ဖတ်ရှုပြီးသော စာဖတ်ပရိသတ်များက အဘိဓမ္မာစာအုပ်ထုတ်ဖြစ်ပါက ပဋ္ဌာန်းကို ဖတ်ရှုရသည်မှာ ယခုထက် ပိုမို ရှင်းလင်းနားလည်သွားမည်ဖြစ်သကဲ့သို့ အဘိဓမ္မာစတင်လေ့လာလိုသူများအတွက်လည်း အထောက်အကူဖြစ်နိုင်ကြောင်းဖြင့် အကြံပြုရေးသားကြကြောင်း၊ စာဖတ်ပရိသတ်များ၏ တိုက်တွန်းအားပေးမှုကြောင့် ဤစာအုပ်ကို ရေးသားဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ စာရေးသူ၏ဘဝတွင် မြင်းမိုရ်တောင်ထက်ပင် ကျေးဇူးကြီးမားသော ကွယ်လွန်သူမိဘများကို အောက်မေ့သတိရသောအားဖြင့် စာအုပ်အမည်ကို "ရွှေစင်မြင်းမိုရ် အဘိဓမ္မာ" ဟု အမည်ပေးလိုက်ကြောင်းဖြင့် ရေးသားထားသည်။

အမှာစာရေးသူ မစိုးရိမ်စာသင်သား (သာသနပါရဂူစာသင်တိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့)က "မိမိကိုယ်ကို ဘာသာရေးရောဂါများ မရရှိအောင် အဘိဓမ္မာလက်နက်ကောင်းဖြင့် ကာကွယ်ကြပါ၊ ဤစာအုပ်က ဘာသာရေးရောဂါ ကာကွယ်နိုင်ရေး ဆေးကောင်းဆေးမွန်ထိုးနှံပေးပါလိမ့်မည်"ဟု လက်ဆောင်စကား ပါးထားသည်။အဆိုပါစာအုပ်ကို ရွှေပြည်သာစာပေက တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ

စာရေးသူ ဓမ္မာစရိယဦးအေးနိုင်(ဘီအေ)ရေးသားထားသော မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့် စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကို ရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ ထိရောက်စေနိုင်ကြောင်း လမ်းညွှန်ထားသည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ မှ ဖြန့်ချိထားသည်။

၃၈ ဖြာ မင်္ဂလာပုံပြင်များထွက်ရှိ

စာရေးသူ မင်းယုဝေ ရေးသားထားသော ၃၈ ဖြာ မင်္ဂလာပုံပြင်များစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

၃၈ ဖြာ မင်္ဂလာကို ဖော်ကျူးသော ပုံပြင်များဖြစ်သည်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည်။ ၃၈ ဖြာ တစ်မင်္ဂလာချင်းကို စာဖတ်သူများ စိတ်ဝင်စားဖွယ်၊ မှတ်သားနာယူဖွယ်ကောင်းအောင် ပုံပြင်များအဖြစ် ပုံဖော်ရေးသားထားသည်။ ပုံပြင်တစ်ခုချင်းအတွက် သင့်လျော်မည့် သရုပ်ဖော်ပုံများကို ရေးဆွဲထည့်သွင်းထားသဖြင့် ဖတ်ရှုသူများအတွက် ပို၍ အသက်ဝင်စေမည်ဖြစ်သည်။ ဆရာမင်းယုဝေက မြန်မာဘာသာဖြင့် ရေးသားထားပြီး ဆရာဦးညီက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။ လူတိုင်းနားလည်လိုက်နာသင့်သည့် ၃၈ ဖြာ မင်္ဂလာတရားတော်များကို လွယ်လွယ်ကူကူ မှတ်သားနာယူနိုင်စေရန် ကြိုးပမ်းအားထုတ်ထားခြင်းဖြစ်သည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၄၀၀၃၀၂ မှ ဖြန့်ချိထားသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း

ဦးဘဝင်းသည် စာသင်ပေးလေ့ရှိသည်။ ကျန်သည့်နေရာတွင် အလိုလိုက်သလောက် ကျောင်းစာနှင့် ပတ်သက်လာလျှင် အလိုမလိုက်ပေ။

ဦးဘဝင်းသည် ငယ်စဉ်က ဘုန်းကြီးကျောင်းသားဘဝနှင့် ကျောင်းအပြောင်းအလဲ၌ အင်္ဂလိပ်စာသင်ယူခက်ခဲခဲ့ပုံ၊ ဘီအိုစီစာရေးဘဝမှ တက္ကသိုလ်ဘွဲ့ရ အမျိုးသားကျောင်းဆရာ၊ ဂျပန်ခေတ် နိုင်ငံရေးလောကသို့ ဝင်ရောက်ပုံ၊ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် တစ်လကျော်ကျော်သာ အမှုထမ်းခဲ့ပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ပုံအကြောင်းအရာစုံတို့ကို တင်နိုင်တိုးက တင်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း၊ အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ က ဖြန့်ချိသည်။

ဦးတင်ယု၏ ဦးတင်ယု

စာပေတွင် အတ္ထုပ္ပတ္တိစာများရှိသည်။ စာရေးဆရာများ ကိုယ်တိုင်ကလည်း မိမိတို့၏ အတ္ထုပ္ပတ္တိများကို ရေးဖွဲ့ခဲ့ကြသည်။

ကျွန်တော့်တွင် အကျင့်တစ်ခုရှိသည်။ မိမိရိုက်ကူးခဲ့သမျှသော ရုပ်ရှင်ဇာတ်ကားများကို စနစ်တကျ မှတ်တမ်းရေးထားသည်။

စစ်ကြိုခေတ် "ရွှေဒေါင်းတောင်"မှစ၍ ၂၀၀၁ ခုနှစ်တွင် ရိုက်ကူးခဲ့သော "မိုးကုတ်စက်ဝိုင်းကို ကျော်လွန်၍"အထိ ရေးမှတ်ထားသည်။

ထို့အပြင် နိုင်ငံခြားသွားသည်။ သင်တန်းများကို ဖွင့်သည်။ ရဟန်းဝတ်သည် ကအစ မှတ်တမ်းတင်ထားသည်။ ထိုမှတ်တမ်းများကို "ကျွန်တော်၏ အနုပညာမှတ်စုများ"ဟု ရေးဖွဲ့ထားသည်။ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်တွင်ထားသည့် ဤစာအုပ်ကို စာပေလောကစာအုပ်တိုက်-၁၇၃ ၃၃ လမ်း ရန်ကုန်မှ ဖြန့်ချိသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် လွှတ်တော်ရေးရာကိစ္စရပ်များ ရှင်းလင်းတင်ပြခြင်းတို့ဆောင်ရွက်

နေပြည်တော်　　မေ　　၂

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၄၃)ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ပထမ အကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန် အစည်း အဝေး (၂၃)ရက်မြောက် နေ့သို့ တက်ရောက်စဉ်။
(သတင်းစဉ်)

အစည်းအဝေး၌ ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ(၃၇)ဦးတို့၏ အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၁၇/၂၀၁၂)နှင့် (၂၀/၂၀၁၂)တို့ဖြင့် ထုတ်ပြန်ခဲ့ပြီး ယင်းကိုယ်စားလှယ်များအနက် ယနေ့အစည်းအဝေးသို့ ကိုယ်စားလှယ်(၃၄)ဦး တက်ရောက်သည်။

ကတိသစ္စာ မပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၄)ဦးတို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။
(သတင်းစဉ်)

ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ (ခ)အရ ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၄)ဦးတို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

ဥပဒေကြမ်း အတည်ပြုခြင်းကဏ္ဍ၌ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာ ပေးပို့ခြင်းမရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း သဘောတူဆုံးဖြတ်သည်။

လွှတ်တော်ရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် ယနေ့သည် ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန် အစည်းအဝေး၏ (၂၃)ရက်မြောက်နေ့နှင့် နောက်ဆုံးနေ့ကျင်းပရက်ဖြစ်ပါကြောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ယနေ့ မေ ၂ ရက်အထိ (၃)လကျော်ကာလအတွင်း ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးပထမနေ့က တင်ပြခဲ့သည့်အတိုင်း ယခုကျင်းပပြုလုပ်ခဲ့သည့် တတိယပုံမှန်အစည်းအဝေးသည် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်း၊ ဆွေးနွေး၊ အတည်ပြုနိုင်ရန် အဓိကရည်ရွယ်ချက်ထား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် ရနိုင်သမျှအချိန်များတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့သည့်အတွက် စတင်ကျင်းပသောရက်မှ ယနေ့အထိ အစည်းအဝေး (၂၃)ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများအတွင်း ဆောင်ရွက်နိုင်မှုများမှာ မေးခွန်းပေါင်း(၅၁၆)ခု၊ အဆိုပေါင်း(၂၅)ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မေးခွန်း၊ အဆိုဆောင်ရွက်ပြီးစီးမှု အသေးစိတ်အနေဖြင့် မေးခွန်းအပိုင်းတွင် စိစစ်ခွင့်ပြုသည့် မေးခွန်း(၅၁၆)ခုရှိပြီး ကြယ်ပွင့်ပြမေးခွန်းနှုတ်ဖြေ(၁၂၆)ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြင့်ဖြေ(၁၂၉)ခု၊ ကြယ်ပွင့်မပြမေးခွန်း စာဖြင့်ဖြေ(၂၅၃)ခု၊ ရုပ်သိမ်းမေးခွန်း(၈)ခုဖြစ်ပါကြောင်း။

အဆိုနှင့်ပတ်သက်၍ တင်သွင်းအဆိုပေါင်း(၂၅)ခုရှိပြီး အတည်ပြုအဆို(၁၆)ခု၊ မှတ်တမ်းတင် အဆို(၆)ခု၊ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့အဆို(၁)ခုနှင့် ရုပ်သိမ်းအဆို(၂)ခုဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများဆွေးနွေးဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ဥပဒေကြမ်း(၇)ခုကို ဥပဒေအဖြစ် အတည်ပြုပြီးနောက် သတင်းထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်းသည့် ဥပဒေကြမ်း(၁၆)ခုအနက် ဥပဒေအဖြစ်ထုတ်ပြန်ပြီး(၃)ခု၊ ထုတ်ပြန်ရန် ကျန်(၁)ခု၊ ဆောင်ရွက်ဆဲ(၅)ခု၊ ရုပ်သိမ်း(၂)ခု၊ မှတ်တမ်းတင်(၁)ခုနှင့် ဆောင်ရွက်ရန် ကျန်(၄)ခုဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသည့် ဥပဒေကြမ်း (၅)ခုအနက် မိမိတို့လွှတ်တော်က ပါဝင်ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေအဖြစ် ထုတ်ပြန်ပြီး(၁)ခု၊ ထုတ်ပြန်ရန် ကျန်(၁)ခုနှင့် ဆောင်ရွက်ဆဲ(၃)ခု ဖြစ်ပါကြောင်း။

ထို့ကြောင့် စာရင်းချုပ်ပါက ထုတ်ပြန်ပြီး (၇)ခု၊ ထုတ်ပြန်ရန်ကျန်(၂)ခု၊ ဆောင်ရွက်ဆဲ(၈)ခု၊ ရုပ်သိမ်း(၂)ခု၊ မှတ်တမ်းတင်(၁)ခုနှင့် ဆောင်ရွက်ရန်ကျန်(၄)ခုဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ(၈)ခုနှင့် ဆောင်ရွက်ရန်ကျန်(၄)ခုတို့ကို လာမည့်စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိသည့်အချိန်ကာလအတွင်း ယခုကဲ့သို့ မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ မေးမြန်း၊ တင်သွင်း၊ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ဖြစ်ထွန်းစေခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းဟူသည့် ရလဒ်ကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း၊ အပင်ပန်းခံပြီး တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြသည့် ဥပဒေကြမ်းကော်မတီအပါအဝင် ကော်မတီ၊ ကော်မရှင်များနှင့် ကိုယ်စားလှယ်အားလုံး၏ ကြိုးစားအားထုတ်မှုကိုလည်း မှတ်တမ်းတင်အသိအမှတ်ပြုကြောင်းကို ပြောကြားလိုပါကြောင်း။

လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များတင်ပြသည့် မေးခွန်း၊ အဆိုများအပြင် ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မြေလူထုအတွက် သီးခြားတင်ပြချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကဖွဲ့စည်းထားသည့် ကော်မတီများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ ယခုကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကော်မတီအချို့နှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့၏ အဖွဲ့ဝင်များအား လိုအပ်သလို ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့တွင် ထပ်မံဖြည့်စွက်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကော်မတီနှင့် ကော်မရှင်များကို ခိုင်မာတောင့်တင်းစွမ်းဆောင်ရည်မြင့်မားစေပြီး လွှတ်တော်၏ လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူရရှိမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်(၂)ရပ်မှာ ဥပဒေပြုရေးတာဝန်နှင့် အပြန်အလှန် ထိန်းကျောင်းရေးတာဝန်တို့ပင်ဖြစ်ပါကြောင်း၊ ဤနေရာတွင် လွှတ်တော်ကို အလေးထားတင်ပြလိုသည်မှာ ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်တင်ပြချက်အရ မိမိတို့အစိုးရသစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် မြန်မာနိုင်ငံ၌ တည်ဆဲဥပဒေပေါင်းမှာ (၄၀၁)ခုရှိခဲ့ပြီး အစိုးရသစ်လက်ထက် လွှတ်တော်မှတစ်ဆင့်တင်ပြပြီး ပယ်ဖျက်ခဲ့သော ဥပဒေ(၅)ခုရှိသဖြင့် ဥပဒေပေါင်း(၃၉၆)ခုသည် တည်ဆဲဥပဒေအဖြစ် ကျန်ရှိပါကြောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဥပဒေ(၁၅)ခုနှင့် တတိယပုံမှန်အစည်းအဝေးကာလ ယခုအချိန်ထိ ဥပဒေ(၁၁)ခု စုစုပေါင်း (၂၆)ခုကို ပြင်ဆင်၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် လက်ရှိလွှတ်တော်များအတွင်း ဆွေးနွေးလျက်ရှိသော ဥပဒေ(၁၆)ခု၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုထားသော ဥပဒေ(၁၄)ခု၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်နှင့် ကော်မတီများက ပြင်ဆင်ရန်ဆောင်ရွက်ဆဲ ဥပဒေ(၂၀)ရှိကြောင်း သိရှိရသည့်အတွက် ပြင်ဆင်ရန် တင်ပြထားသော ဥပဒေ(၅၀) ရှိပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က အသစ်ပြဋ္ဌာန်းရန် အဆိုပြုဆောင်ရွက်ဆဲဥပဒေ(၇)ခု ရှိကြောင်းလည်း သိရသည့်အတွက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် ဥပဒေ(၅၇)ခုရှိကြောင်း တွေ့ရှိရပြီး ဥပဒေအားလုံး ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ တည်ဆဲဥပဒေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ ထည့်သွင်းတွက်ချက်ပါက တည်ဆဲဥပဒေသည် ယနေ့အထိ(၃၉၇)ခု ရှိမည်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာတွင် လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံဆောင်ရွက်ရမည့် လွှတ်တော်ကော်မတီများ၊ ကော်မရှင်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့နှင့် ဆက်စပ်သက်ဆိုင်သည့် နယ်ပယ်၊ ကဏ္ဍအသီးသီးအတွက် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းရှိ/မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ Treaty များနှင့် ညီညွတ်ခြင်းရှိ/မရှိတို့ကို လေ့လာသုံးသပ်ပြီး အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ဤနေရာတွင် လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလဥပဒေများနှင့် ညီညွတ်ခြင်းရှိ/မရှိ လေ့လာဆန်းစစ်နေရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားအားလုံး လိုက်နာကျင့်သုံးရေး အပြန်အလှန်ထိန်းကျောင်းကူညီဆောင်ရွက်ရန်တာဝန်ရှိကြောင်းကို ပြောကြားလိုပါကြောင်း၊ ဤတိုက်တွန်းတင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ယခုတတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အလွန်အရေးကြီးသည့် အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ဥပဒေတစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းသုံးသပ်၊ အကြံပေးဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များအားလုံး၏ ဆောင်ရွက်ချက်များအားလုံးကိုလည်း လွှတ်တော်က မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို အလေးထားလေ့လာ၊ ဆန်းစစ်၊ ဝေဖန်၊ သုံးသပ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး ဦးထိပ်ပန်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော် ခေတ္တရပ်နားချိန် ကာလအတွင်းတွင်လည်း မဲဆန္ဒနယ်အတွင်းရှိ ပြည်သူများနှင့် ထိတွေ့၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူတို့၏ အခက်အခဲ၊ လိုအပ်ချက်များကို လေ့လာမှတ်သားပြီး ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ဖော်ဆောင်နိုင်သည့် သစ္စာရှိသော၊ တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်း ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရပ်တည်ကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား နှိုးဆော်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန် အစည်း အဝေး (၂၁)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။
(သတင်းစဉ်)

နေပြည်တော်　　မေ　　၂

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၁)ဦးတို့ တက်ရောက်ကြသည်။

ကတိသစ္စာပြု

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၈) ပုဒ်မခွဲ (ခ)အရ ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ဘေးမသီရန်မခဘဲ မိမိတို့၏ လိုရာခရီးရောက်ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်းနှင့် လာမည့် ဇူလိုင်လတွင် ကျင်းပရန်ခန့်မှန်းထားသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ ကိုယ်စားလှယ်များအားလုံး စုံညီစွာတက်ရောက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သကြောင်းပြောကြားပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၀	ပရိတ်တရားတော်
၇း၁၅	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၄း၃၅	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၀	"သန့်စွာကိုင်လေစက္ကူငွေ"
၅း၃၀	"လူဖြစ်ရှုံးပါပြီကွာ"
၅း၄၀	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆း၄၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၁)**
၈း၀၀	ပြည်တွင်းသတင်း -အစာလည်းဆေး၊ ဆေးလည်းအစာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၁) -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၅၂)**

ဥတုရာသီ တောကိုမှီ၏

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပ

နေပြည်တော်　မေ　၂

တနင်္သာရီတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရှင်များ၊ အလုပ်သမားနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးသိန်းလွင်က ဖတ်ကြားသည်။

ထို့နောက် အလုပ်ရှင်များကိုယ်စား သမီးတော် အဆင့်မြင့်သောက်ရေသန့်စက်ရုံမှ မန်နေဂျာ ဦးစိုးကြည်က အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်သမားများကိုယ်စား ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးမှ ငွေကိုင် ဦးကြည်ရှိန်ကလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်မှုလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဖတ်ကြားခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ပြည်နယ်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေက ဖတ်ကြားသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ် ဦးဇော်အောင်ဆန်းနှင့် အလုပ်ရှင်ကိုယ်စားလှယ် ဝေလင်းကားဝပ်ရှော့ပိုင်ရှင် ဦးဝေလင်းတို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

အလားတူ ကရင်ပြည်နယ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့ သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဖတ်ကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

အလားတူရခိုင်ပြည်နယ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၂ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကို ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးအောင်သန်းတင်က ဖတ်ကြားသည်။ ယင်းနောက် ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ အလုပ်သမားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို တိုင်းဒေသကြီး မြို့တော်ခန်းမ၌ မေ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၂ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကို တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်က ဖတ်ကြားပြီး တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မိုးသီတာစိုးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ အလုပ်သမားနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

အလားတူ ၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အလုပ်သမားနေ့သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဖတ်ကြားသည်။

ဆက်လက်၍တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ညွှန်ကြားရေးမှူးချုပ်၏ အလုပ်သမားနေ့သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့က အလုပ်ရှင်၊ အလုပ်သမားရေးရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်ရစ်သူမိသားစုများအား ကရုဏာကြေးပေးအပ်သည့် အခမ်းအနားကျင်းပ

နေပြည်တော်　　မေ　　၂

ကေအိုင်အေဝင်ရောက်တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ဆဒုံးမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းလေးဦးအတွက် ကျန်ရစ်သူမိသားစုများအား ကရုဏာကြေးပေးအပ်သည့် အခမ်းအနားကို မေ ၁ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားဒူဝါ ဆင်ဝါးနော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ဝန်ကြီးချုပ်က ဆဒုံးမြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်အေးမြမြကြည်၊ အငယ်တန်းစာရေးများဖြစ်ကြသည့် ဦးဇော်ဆိုင်းမိသားစု၊ ဦးဇော်မျိုးသန့်မိသားစုနှင့် ဦးဟေဝမ်မိသားစုတို့အား ကရုဏာကြေးအဖြစ် ငွေကျပ် ၆၅ သိန်း ပေးအပ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ငွေကျပ်နှစ်သိန်း၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ငွေကျပ်ငါးသိန်း၊ ပြည်နယ်ဥပဒေချုပ်က ငွေကျပ်သုံးသိန်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းချစ်ဦးက ငွေကျပ် ၁၄ သိန်း၊ ပြည်နယ်အစိုးရအဖွဲ့က နာရေးကိစ္စဆောင်ရွက်ရန် ငွေကျပ် ၁၀ သိန်းနှင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ်ရှစ်သိန်း စုစုပေါင်းငွေကျပ် ၁၀၇ သိန်းကို ကျန်ရစ်သူမိသားစုများထံ ကရုဏာကြေးများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Greg Vines နှင့် အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ ILO အုပ်ချုပ်ရေးအဖွဲ့ အလုပ်သမားအုပ်စု ဒုတိယဥက္ကဋ္ဌ Mr. Luc Cortebeeck၊ ILO အုပ်ချုပ်ရေးအဖွဲ့ အလုပ်ရှင်အုပ်စု အတွင်းရေးမှူး Mr. Brent Wilton၊ ILO အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အစိုးရနှင့် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့တို့ကြားတွင် ပူးတွဲဆောင်ရွက်နေသည့် ကိစ္စရပ်များမှ တပ်မတော်က ဆောင်ရွက်နေသည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြောင်းလဲကျင့်သုံးမည့် လိုင်စင်စနစ်နှင့်ပတ်သက်၍ အားသာချက် အားနည်းချက်များ မိမိတို့ဌာနမှ ဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များအား အပြုသဘောဖြင့် ဆွေးနွေးအကြံပြု

နေပြည်တော် မေ ၂

ပို့ကုန်၊ သွင်းကုန်များ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Automatic Licensing နှင့် Non Licensing ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတကာ၌ မိမိနိုင်ငံအတွက် အရေးကြီးကုန်ပစ္စည်း အချို့မှလွဲ၍ လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်ပို့တင်သွင်းခွင့်ပြုနေသည်ကို တွေ့ရှိရပြီး အချို့နိုင်ငံများတွင် Automatic Licensing နှင့် Non Licensing စနစ်ကျင့်သုံးနေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် တစ်ချိန်တွင် Non Licensing စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် Automatic Licensing စနစ်ကို ကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Automatic Licensing စနစ်ဆိုသည်မှာ အချုပ်အားဖြင့် လိုင်စင်လျှောက်ထားသူအတွက် ဈေးနှုန်းအရေအတွက်နှင့် အသေးအဖွဲ ကန့်သတ်ချက်များမထားရှိဘဲ လျှောက်ထားသည့်နေ့မှ၁၀ ရက်အတွင်း ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ လက်ရှိ မိမိတို့လိုင်စင်ခွင့်ပြုနေသော အခြေအနေမှာလည်း အချို့ကုန်ပစ္စည်းများအား ဈေးနှုန်း၊ အရေအတွက် စိစစ်နေသည်မှလွဲ၍ တစ်ရက် နှစ်ရက်အတွင်း ခွင့်ပြုပေးလျက်ရှိသဖြင့် Automatic Licensing စနစ်သို့ ရောက်ရှိရန် ပြင်ဆင်မှုအနည်းငယ်သာ လိုအပ်မည်ဟု ယူဆကြောင်း၊ ပြောင်းလဲကျင့်သုံးမည့် လိုင်စင်စနစ်နှင့် ပတ်သက်၍ အားသာချက် အားနည်းချက်များ၊ မိမိတို့ဌာနမှ ဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များအား အပြုသဘောဖြင့် ဆွေးနွေးအကြံပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပို့ကုန်၊ သွင်းကုန်လိုင်စင်များနှင့်ပတ်သက်၍ လည်းကောင်း၊ တာဝန်ရှိသူများက Automatic Licensing ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပို့ကုန်၊ သွင်းကုန်များ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Automatic Licensing နှင့် Non Licensing ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့နှင့် တိုကျိုမြို့တို့၌ ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ဂျပန်နိုင်ငံခရီးသို့ ပါဝင်တက်ရောက်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့်အဖွဲ့ အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ဂျပန်နိုင်ငံခရီးသို့ တက်ရောက်

နေပြည်တော် မေ ၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၅ ရက်မှ ၂၈ ရက်အထိ ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့နှင့် တိုကျိုမြို့တို့၌ ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ဂျပန်နိုင်ငံခရီးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ ဧပြီ ၂၆ ရက်တွင် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် အရှေ့အာရှနိုင်ငံများတွင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပြီး စီးပွားရေးပြန်လည်တိုးတက်မှုအတွက် ရည်မှန်းဆောင်ရွက်ချက်များဆိုင်ရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သော ဘေးဒုက္ခများမှ ပြန်လည်တည်ဆောက်ခြင်းနှင့် ထူထောင်ခြင်းစာတမ်းကို ဖတ်ကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဘွန်ဆွန်တီရီယာပီယွန်က ထိုင်းနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ပြီးနောက်ပိုင်း စီးပွားရေးအခြေအနေကို လည်းကောင်း၊ ဂျပန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အမြဲတမ်းအတွင်းဝန် မစ္စကာဇူကိုယူရီက ဂျပန်နိုင်ငံ အရှေ့ပိုင်းတွင် ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ပြီးနောက် စီးပွားရေးပြန်လည်ထူထောင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ဂျပန်နိုင်ငံ မီယာဂီပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စယိုရှီဟီရိုမူရိုင်းက ငလျင်ဒဏ် ခံခဲ့ရသည့် ဂျပန်နိုင်ငံတောင်ပိုင်းတွင် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို လည်းကောင်း၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးနှင့် သုတေသနအဖွဲ့မှ စီးပွားရေးပညာရှင် ပါမောက္ခ ဖူကူနာရီကီမူရာက သဘာဝဘေးအန္တရာယ်ကြောင့် Supply Chain Networks အပေါ် သက်ရောက်မှုများကို လည်းကောင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှင်ယအီဂျီးမားက ရေရှည်တွင် လုံခြုံစိတ်ချမှုရှိ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရေးကို လည်းကောင်း၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ဒေါက်တာလင်ဟုန်ဟင်းက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးအတွက် လူမှုအဖွဲ့အစည်းများ ထူထောင်ရေးတွင် အာဆီယံမှ ပါဝင်ဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရိုရှီဟီကို နိုဒအား ဧပြီ ၂၆ ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် အာဆီယံ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျင်းပသည့် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား စီးပွားရေး ပေါင်းစည်းရေးအတွက် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ လည်းကောင်း၊ ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံ-ဂျပန်အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဝါဒဆွေးနွေးပွဲသို့ လည်းကောင်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❏ ဂျာနီဖာလိုပက်ဇ်မှ

(စပါးကြီးမြွေနှင့် အလှဆင်ထားသော ဝတ်စုံ) ဟု ခေါ်ဆိုရမည့် ထူးဆန်းသည့် ဖက်ရှင်ဒီဇိုင်းဖြင့် တက်ရောက်လာခဲ့သည်။ စပါးကြီးမြွေကို သူ၏ ပခုံးပေါ်တွင် အကွေးလိုက်တင်ထားကာ အတော်မြင့်သည့် ကြိုးသိုင်းဒေါက်မြင့်ဖိနပ်ကို စီးထားသည့်အတွက် တည့်တည့်မတ်မတ်ရပ်ရန် အနည်းငယ်အခက်အခဲရှိသောကြောင့် လက်တစ်ဖက်က အန်ရီကေး၏ခါးကို သိုင်းဖက်၍ ဓာတ်ပုံအရိုက်ခံခဲ့သည်။

ယခုလောလောဆယ် မြောက်အမေရိက ခရီးစဉ်အတွက်သာ နေ့ရက်များ သတ်မှတ်ထားပြီး ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း မွန်ထရီရယ်လ်၊ တိုရွန်တို၊ ဘော့စ်တွန်၊ ဝါရှင်တန်ဒီစီ၊ အတ္တလန္တစ်စီးတီး၊ ချီကာဂို၊ လော့စ်အိန်ဂျလိစ်၊ လပ်စ်ဗီးဂက်စ်၊ ဟူစတန်၊ အတ္တလန္တာ၊ မီယာမီ စသည့်မြို့များတွင် ဖျော်ဖြေသွားမည်ဖြစ်သည်။

"ဒီဖျော်ဖြေပွဲ ခရီးစဉ်ကတော့ တကယ့်ကိုသမိုင်းဝင်ဖျော်ဖြေပွဲခရီးစဉ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် ဒီနှစ်ဟာ ကျွန်မအတွက် ဂီတနဲ့ပတ်သက်လို့ အောင်မြင်မှု ကြီးကြီးမားမားရမယ့်နှစ်လို့လည်း ယုံကြည်ထားပါတယ်"ဟု အသက် (၄၂) ရှိ ဂျနီဖာလိုပက်ဇ်ကပြောကြားသည်။

ထို့ပြင် ၎င်းတို့၏ ဖျော်ဖြေပွဲခရီးစဉ်တွင် ပွယ်တိုရီကန်ဂီတပညာရှင် ဝီဆင်ဝိုင် မန်ဒယ်လ်လည်း ပါဝင်ဖျော်ဖြေမည်ဟု သိရသည်။

"ကျွန်တော့်မှာ ဝီဆင်နဲ့ရော၊ ဂျနီဖာနဲ့ရော ပူးတွဲသီဆိုထားတဲ့သီချင်းတွေ အများကြီးရှိပါတယ်" ဟု အသက် (၃၆) နှစ်ရှိ ဂီတသမား အန်ရီကေးက ပြောကြားသည်။

ယင်းခရီးစဉ်အတွင်း ဂျနီဖာလိုပက်ဇ် အနေဖြင့် လပ်စ်ဗီးဂက်စ်မြို့၌ ဖျော်ဖြေမည့် ဂီတဖျော်ဖြေပွဲတွင် ခင်ပွန်းဟောင်း မတ်အန်ထော်နီနှင့် ပူးတွဲဖျော်ဖြေရမည်ဖြစ်သောကြောင့် မတ်နှင့် အနည်းဆုံး တစ်ကြိမ် တွေ့ဆုံဆွေးနွေးရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ဂျနီဖာလိုပက်ဇ်က ၎င်းခရီးစဉ်တွင် မတ်နှင့် ရထားသည့် ၎င်း၏လေးနှစ်အရွယ် အမြွှာကလေးနှစ်ဦးဖြစ်သည့် မက်စ်နှင့် အန်မီတို့လည်း ပါဝင်မည်ဟု ပြောကြားသည်။ ဂျနီဖာလိုပက်ဇ်သည် မတ်အန်ထော်နီနှင့် ကွာရှင်းပြီးနောက် ယခုအခါ အသက်(၂၅) နှစ်ရှိ အကသမား ကတ်စ်ပါစမတ်နှင့် တွဲနေသူဖြစ်သည်။

ဂျနီဖာလိုပက်ဇ်နှင့် အန်ရီကေးတို့၏ ဖျော်ဖြေပွဲခရီးစဉ် လက်မှတ်များကို မေ ၄ ရက်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို JenniferLopez.com ဝက်ဘ်ဆိုက်တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **အောဝမ်းစိုး။**

❖ ဟိမဝန္တာမှ

ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်ခြမ်းရှိ ဟိမဝန္တာတောင်တန်းဒေသ၌ ရေခဲအိုင်ပေါင်း ၁၆၈၀ ခန့်ရှိကြောင်း၊ ၎င်းရေခဲအိုင်များ၏ စုစုပေါင်း အကျယ်အဝန်းမှာ ၂၁၅ ဒသမ ၂၈ စတုရန်းကီလိုမီတာခန့်ရှိပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ က ရေခဲအိုင်များ၏ စုစုပေါင်း အကျယ်အဝန်းထက် ၅၈ ဒသမ ၉၆ စတုရန်းကီလိုမီတာခန့် ကျယ်ပြန့်လာကြောင်း သတင်းများတွင် ဖော်ပြသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ က လေ့လာထားသည့် ဒေသတွင် ရေခဲအိုင်ပေါင်း ၁၇၅၀ ခန့်ရှိပြီး ယင်းနှစ်ပေါင်း ၃၀ ကာလအတောအတွင်း၌ ရေခဲအိုင် ၂၉၄ ခုခန့် ပျောက်ကွယ်သွား၍ ၂၂၄ ခုခန့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

ပြည်ထောင်စုဝန်ကြီး ဦး...
ဝမ်းမြောက်ကြောင်း ...

နေပြည်တော်

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျ...
အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိ...
ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ...
ဝန်ကြီး မစ္စတာ ရာဒိုစလောစီကောစကီးထံ...
ပေးပို့သည်။

MRTV-4 ရုပ်မြင်သံကြ...

၃-၅-၂၀၁၂ (ကြာ...

၅:၄၀	"အလှနိဂုံးအပြုံးမျက်နှာ" တရားတော် (ညောင်ကန်ဆရာတော် အရှင်ကုန္ဒက)
၇:၅၀	TV Shopping
၉:၁၅	လယ်ဝေးမြို့၏ ရှင်ပြုအလှူတော် နတ်လူသာဓုခေါ် စေသော်
၁၂:၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၂)
၁၂:၄၅	အံ့ဖွယ်ထူးခြား ရန်ကုန်မြို့မှ တန်ခိုးကြီးဘုရားများ
၆:၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**

သစ်တောနဲ့ သစ်ပင် ...
သစ်ပင်ကို နှစ်စဉ်စိုက်...

ထိုင်းနိုင်ငံရောက် မြန်မာအ...
ထိုင်းနိုင်ငံ အလုပ်သမ...

နေပြည်တော် မေ ၂

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနိုင်ရန်နှင့် ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနားရေထွက်ပစ္စည်းစက်ရုံမှ မြန်မာအလုပ်သမားများနှင့် စက်ရုံပိုင်ရှင်တို့ စာချုပ်ပါ ကတိပြုထားသည့် အခွင့်အရေးများ ရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Phademchai Sasomsub အား ဧပြီ ၂၇ ရက်တွင် ဗန်ကောက်မြို့ရှိ ဝန်ကြီး၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်က မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ...

ကေအိုင်အေ (ကချင်...
လက်နက်ကိုင်အဖွဲ့က မန္တ...
မြစ်ကြီးနား ရထားလမ်းပို...
မိုင်းထောင်မှုများ ထပ်မံပြု...

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   မေ   ၃

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာဒိုစလောစီကောစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀	"အလှူနိဂုံးအပြုံးမျက်နှာ" တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၇း၅၀	TV Shopping
၉း၁၅	လယ်ဝေးမြို့၏ ရှင်ပြုအလှူတော် နတ်လူသာဓုခေါ် စေသော်
၁၂း၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၂)
၁၂း၄၅	အံ့ဖွယ်ထူးခြား ရန်ကုန်မြို့မှ တန်ခိုးကြီးဘုရားများ
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၁)**
၇း၂၀	Styly ရှိမှ Star ဖြစ်မယ်
၈း၅၀	တတိယအကြိမ်မြောက် နွေရာသီကျောင်းသားကျောင်းသူများ၏ ဝိပဿနာ အထူးတရားစခန်း (ကျိုက္ကော်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၂၅)**
၁၀း၂၀	Korea City of Seoul is . . . Transportation
၁၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၁)**

လာအိုအမျိုးသားလွှတ်တော် စီးပွားရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား လာရောက်တွေ့ဆုံ

နေပြည်တော်   မေ   ၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား လာအိုအမျိုးသားလွှတ်တော် စီးပွားရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ Dr. Souvanhpheng BOUPHA NOUVONG ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် သတ္တုသယံဇာတများ ထုတ်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များသို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်မှုအပေါ် နိုင်ငံတကာပေါက်စျေးနှုန်းအရ အချိုးခွဲဝေခံစားသည့်စနစ်တို့ဖြင့် ဆောင်ရွက်နေခြင်း၊ သတ္တုသယံဇာတများ တူးဖော်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် လျှော့ချဆောင်ရွက်ခြင်းတို့ကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား လာအိုအမျိုးသားလွှတ်တော် စီးပွားရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ Dr. Souvanhpheng BOUPHA NOUVONG ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

၂-၅-၂၀၁၂

ချောက် ၄၁ ဒီဂရီစင်တီဂရိတ်
ဟသ်ာတ ၄၀ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၂-၅-၂၀၁၂

ကော့သောင်း
၂ ဒသမ ၄၈ လက်မ
ပလက်ဝ
၁ ဒသမ ၈၉ လက်မ
ကျောက်တော်
၁ ဒသမ ၅၀ လက်မ

ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်မှာကြား

နေပြည်တော်   မေ   ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့်ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများအနေဖြင့် နိုင်ငံတော်အစိုးရသစ်၏ လမ်းညွှန်ချက်များအပေါ် စနစ်တကျသိရှိနားလည်ကြပြီး မိမိတို့ဝန်ကြီးဌာနနှင့် ပတ်သက်သည်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြောင်းလဲရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးတို့ကို အလေးထား၍ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးမှုအဖြစ် မိုးပွင့်စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရသစ်၏လုပ်ဆောင်ချက်များအနက် ထင်သာမြင်သာဖြစ်သော ခြေလှမ်းတစ်ခုဖြစ်ကြောင်းကို ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းအချို့ကပါ အသိအမှတ်ပြုလာကြောင်း၊ ထို့အပြင် လာမည့်ဇွန်လ ၁ ရက်တွင် စတင်ဆောင်ရွက်မည့် ဆိုက်ရောက်ဗီဇာ (Visa on Arrival) ထုတ်ပေးခြင်း၊ နိုင်ငံခြားသားထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့်လုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေး၊ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများအနေဖြင့် ယခုဆွေးနွေး မှာကြားချက်များအပေါ် လက်အောက်ဝန်ထမ်းများအားစနစ်တကျ မှာကြားတာဝန်ပေးရန် အထူးအရေးကြီးကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးရုံးများ၏ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော်   မေ   ၂

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနိုင်ရန်နှင့် ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနားရေထွက်ပစ္စည်းစက်ရုံမှ မြန်မာအလုပ်သမားများနှင့် စက်ရုံပိုင်ရှင်တို့ စာချုပ်ပါ ကတိပြုထားသည့် အခွင့်အရေးများ ရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Phademchai Sasomsub အား ဧပြီ ၂၃ ရက်တွင် ဗန်ကောက်မြို့ရှိ ဝန်ကြီး၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်က မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိသည့်အလျောက် မြန်မာအလုပ်သမားများအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများ မှန်ကန်စွာ ရရှိရေးအတွက် ၂၁-၄-၂၀၁၂ ရက်က ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံ ဦးမျိုးတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့တို့ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပတ္တနား ရေထွက်ပစ္စည်းစက်ရုံသို့ သွားရောက်ခဲ့ပြီး အလုပ်သမားကိုယ်စားလှယ် ၁၀ ဦးနှင့် စက်ရုံတာဝန်ရှိသူများအား ဆွေးနွေးညှိနှိုင်းစေခဲ့ရာ အချက်(၁၇)ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ၎င်းသဘောတူညီချက်အတိုင်း ဆက်လက်အကောင်အထည်ဖော်ရေးနှင့် နောင်တွင် အလားတူ မဖြစ်ပွားစေရန် ထိန်းသိမ်းကြပ်မတ်စေလိုပါကြောင်းနှင့် ဖူးခက်ဒေသတွင် တရားဝင်မြန်မာအလုပ်သမား ရှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခံရမှုကို အမြန်လွှတ်မြောက်ရေးဆောင်ရွက်ပေးပါရန် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက ပတ္တနားရေထွက်ပစ္စည်းစက်ရုံတွင် အလုပ်ရှင် အလုပ်သမားများအကြား နားလည်မှုလွဲမှား၍ ဖြစ်ပွားစဉ်က ၎င်းပြည်ပသို့ ရောက်ရှိနေချိန်ဖြစ်ပါကြောင်း၊ မှန်ကန်စွာ ဆောင်ရွက်ပေးရန် ညွှန်ကြားရေးမှူးချုပ်အား လမ်းညွှန်ခဲ့ပါကြောင်း၊ မြန်မာလုပ်သားများကို ထိုင်းလုပ်သားများနည်းတူ ကာကွယ်စောင့်ရှောက်သွားမည်ဟု ကတိပြုပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော်   မေ   ၂

ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် မိမိတို့ရုံးအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ရန်အတွက် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး ဤသင်တန်းမှ သင်တန်းသားများ၌ ရှိပြီးသားအင်္ဂလိပ်ဘာသာစကား အရည်အချင်းများ၊ အရည်အသွေးများကို ပိုပြီးတိုးတက်လာအောင် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းက မိမိအရည်အချင်းနှင့် အရည်အသွေး တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းကြရန် လိုအပ်နေသည်ကို လည်းကောင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ အရည်အချင်းနှင့် အရည်အသွေး တိုးတက်မြင့်မားမှုက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အရည်အချင်းနှင့် အရည်အသွေး တိုးတက်မြင့်မားမှုကို ဖော်ညွှန်းရာရောက်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ဂုဏ်သိက္ခာမြင့်တင်ပေးရာရောက်သည်ကို လည်းကောင်း တွေးခေါ်မြော်မြင်ကာ စဉ်ဆက်မပြတ် ပိုမိုကြိုးပမ်းကြစေလိုကြောင်း၊ အင်္ဂလိပ်ဘာသာစကားနှင့် ခေတ်မီအတတ်ပညာရပ်များ၊ အရည်အသွေးများကြွယ်ဝပြီး လုပ်ငန်းစွမ်းဆောင်ရည်များ ထက်မြက်နေစေရန် အစဉ်အမြဲဆည်းပူးလေ့လာပြီး ရုံးအတွက်၊ နိုင်ငံအတွက်အားထားရပြီး အရည်အချင်းပြည့်ဝကာ ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်အောင် အထူးကြိုးစားအားထုတ်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့က မန္တလေး မြစ်ကြီးနား ရထားလမ်းပိုင်း၌ မိုင်းထောင်မှုများ ထပ်မံပြုလုပ်

နေပြည်တော်   မေ   ၂

ယနေ့ နံနက် ၂ နာရီ ၂၅ မိနစ်ခန့်တွင် မန္တလေး-မြစ်ကြီးနားရထားလမ်း ပြည်ထောင်ဘူတာနှင့် မလိခ ဘူတာကြား၌ ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲမှုကြောင့် ရထားသံလမ်း နှစ်ဖက်စလုံး ရှစ်လက်မခန့် ပြတ်တောက်ခဲ့ကြောင်း၊ မိုင်းပေါက်ကွဲသည့် နေရာအနီး သံလမ်းအရှေ့ဘက် ပေ ၅၀ ခန့်အကွာတွင် ကေအိုင်အေပြောက်ကျား ယူနီဖောင်းဝတ် အလောင်းတစ်လောင်းအား တွေ့ရှိရကြောင်း၊ ပျက်စီးသွားသည့် ရထားလမ်းပိုင်းအား မိုးကောင်းဘူတာမှ အင်ဂျင်နီယာအဖွဲ့က ပြင်ဆင်ခဲ့ရာ နံနက် ၁၀ နာရီခွဲခန့်တွင် ရထားများ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့က ယခုကဲ့သို့ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖွားမြင်ပွင့်စံ ဗျာဒိတ်ခံ မှတ်ရန် လကဆုန်

"ရွက်ရင့်လျှော့၍၊ ရွက်ကြောနုလှန်၊
ရွက်သစ်ပြန်တည့်၊ ပန်းမန်ငုံကင်း၊
သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊
တပျံ့ပျံ့ပျူး၊ မင်းလွင်မြူးလျက်၊
တန်ခူးလည်းကုန်၊ လကဆုန်သည်၊
ပဇ္ဇုန်ရိုက်မြည်၊ ချုန်းချုန်းတည်း"

(အဿျှင်အဂ္ဂသမာဓိဘုံခန်းပျို့)

ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မအလယ်လဖြစ်သည်။ ပူပြင်းသောရာသီကို အရှိန်ယူလျက်ရှိ၏။ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုစကားနှင့် ညီညွတ်၏။ ပူပြင်းလှသော နေရှိန်ကြားမှ လောကကို အလှဆင်ရန်အတွက် အံ့ခဲကာပွင့်ရှာသော ရာသီပန်းမှာ စံကားပန်းဖြစ်လေ၏။

ဤလအခါသည် ခြောက်ခြောက်သွေ့သွေ့ ငြီးငွေ့ဖွယ်ရာဟု ထင်ရသော်လည်း လေပြည်လေညင်းလေးများ တသုတ်သုတ်ရိုက်ခတ်တတ်၏။ လေပြည်လေညင်းလေးများ ရိုက်ခတ်လေတိုင်း ရွက်ဟောင်းလေးများ ကြွေလျက်ရှိသည်။ ရိုးတံကျဲကျဲ အကိုင်းအခက်များပေါ်ဝယ် ရွက်သစ်ရွက်နုလေးများဖြင့် ဖူးပွင့်၍ ဝေဆာနေလေပြီ။ ယင်းသမယတွင် မဟာပထဝီမြေ၏ ထုံသင်းသော ရနံ့နှင့်အတူ မြူခိုးတို့က ပျံ့ပျူးလျက်ရှိချေ၏။ တန်ခူးကုန်ပြီး ကဆုန်လသို့ ရောက်ရှိ၍လာချေလျှင် မိုးမင်းကလည်း ရိုက်မြည်ထစ်ချုန်း ရာဇသံပေးချေ၏။ ဥတုရာသီဖောက်ပြန်သကဲ့သို့ မိုးရွာလျှင် ချိန်ခါမဟုတ်သော မိုးဟူ၍ ခေါ်စမှတ်ပြုကြ၏။ ထို့ကြောင့် ရှေးကတောင်သူဦးကြီးများက "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့"ဟု မှတ်တမ်းပြုသွား၏။

ပုဂံခေတ်က ဤလကို ကုဆုန်၊ ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်ဟု ရေးသားခေါ်ဝေါ်ခဲ့ကြသည်။ ကဆုန် ကုဆုန်တွင် က-ကု တို့သည် ရေဟုအဓိပ္ပာယ်ဖွင့်ကြသည်။ ဆုန်၏အဓိပ္ပာယ်မှာ သွန်းလောင်းခြင်းဖြစ်သည်ဟု ဆိုသည်။ ရေသွန်းလ၊ ရေဖျန်းလ၊ ရေလောင်းလဟူ၍ အဓိပ္ပာယ်ကောက်ယူရမည်ဟု ပြဆိုထားခဲ့၏။

ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ထိုရာသီကိုစွဲပြီး မြန်မာသူဟောင်းတို့က ကဆုန်လခေါ်ဝေါ်ကြောင်း ပြဆိုထားသည်။ မြန်မာဘာသာမှာ ပညာရှိတို့ ကြံစည်သည်မှာ "ကံဥဒကံ ဆိန္စတီတိကဆိန်"ဟု ဝစနတ္ထရသည်။ ယောမာသော အကြင်လသည် ကံဥဒကံရေကို ဆိန္စတိဖြတ်တတ်၏။ ဣတိတသ္မာ ထို့ကြောင့် ယောမာသော ထိုလသည် ကဆိန် ကဆုန်မည်၏။ အဓိပ္ပာယ်မှာ ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင် တို့၌ ရေပြတ်ရေစစ်သော လကိုဆိုလိုသည်။

ကဆုန်လကို ပညာရှိစာဆိုတို့က ရတု၊ ရကန်၊ တေးထပ်၊ လေးချိုး၊ လွမ်းချင်း၊ သဖြန်စသည်တို့ဖြင့် အမျိုးမျိုးဖွဲ့ဆိုထားကြ၏။ အင်းဝခေတ်အမျိုးသမီးစာဆိုတော်မယ်ခွေက "ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်နှင့်၊ ရှစ်မျက်နှာဆို၊ တောတစ်ခိုမှာ၊ ပျိုပျိုနုနုနှင့်၊ ကျီးဥမှာလဲ့ပြာ၊ စကားထုံသင်း၊ ဂေါဇာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညာခြွေဝယ်စံသည့်၊ ယုဂန်မှာ တိမ်တပုံကို" သူ၏ကဆုန်လဘွဲ့အဲချင်းက တောတောင်ပတ်ဝန်းကျင်ကို ရောင်စုံတို့ဖြင့်ခြယ်ကာ သူ့အမြင်၊ သူ့အတွေးကို စာပန်းချီခြယ်သခဲ့သည်။

"...သောင်ငွေသဲတဲ့ ပုလဲဥဝယ်၊ မကွဲဆွေစုံမောင်နှံငှက်တို့၊ တောင်ပံခွဲ့ယှက်ချစ်တင်းညီတဲ့အောင်၊ သစ်လင်းသီဖွဲ့နှောင်၊ မျှော်လေကြုံလို့၊ လွမ်းပုံဆောင်တယ်၊ ကဆုန်ရွှေညောင်တော်သွန်းပေမို့လေး" ဟူ၍ သဲသောင်ယံတွင် မောင်နှံငှက်ငယ်စုံတို့က တောင်ပံယှက်ကာ ပျော်မြူးကြသည့် ရာသီဝယ် ကျင်းပမြဲ ညောင်ရေပွဲတော်ကို စာရေးတော်ကြီး ဦးမောင်ကလေးက တေးထပ်ဖြင့် လွမ်းသခဲ့သည်။ မဟာအတုလမင်းကြီးကလည်း "...ရာသီငယ်ပြိုသ၊ မဟေသီလဲရွှေညီခဖို့၊ ပန်းမြစံကားဝါ၊ ဝိသာခါနှင့် တာရာခြံရံ၊ စန်းငွေယုန်ပန်သည့်နှယ်၊ ဆဒ္ဒန်ပိုင်ဘွေဘုံမှာ၊ လ-ကဆုန်ညောင်ရေပွဲပေမို့ သဲလှတယ်လေး ..."ဟူ၍ လွမ်းချင်းဖြင့် ဖော်ကျူးထားသည်။

"...အတာကူးသား၊ တန်ခူးကဆုန်၊ ပူဟန်တက်ကြွ၊ ဝဿန္တနှင့် တဝထိုမြို့၊ တပို့တပေါင်း၊ ကြက်ဆောင်းမာသ၊ သိသိရ၌၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြင်းစွာ၊ မပြုရာတည့်..."ဟု ကဆုန်လရာသီတွင် ဆေးပညာရှင်တို့၏ အယူအဆကိုလည်း မာဃဒေဝလင်္ကာသစ်ကြီး၌ သတိပေးထားလေ၏။ ထိုနည်းအတူ ယောမင်းကြီး ဦးဖိုးလှိုင် ကလည်း လောကသည် အလွန်ပူ၏။ ခြောက်သွေ့၏။ ရေကန်ရေအိုင်တို့၌ ရေသောက်သောသားတို့ဖြင့် ပြွမ်း၏။ အစပ်အခါးရသာရှိသော အသီးအရွက်အမြစ်တို့သည် အားရှိကုန်၏။ အချဉ် အငန် ပူသောအစာ၊ အပင်ပန်းခံခြင်းတို့ကို ကြဉ်ရှောင်အပ်ကုန်၏ဟူ၍ မှာကြားခဲ့သည်။

ကဆုန်လသည် ပြိဿရာသီဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ ကြတ္တိကာနက္ခတ်နှင့် နေမင်းတို့က ယှဉ်၏။ နွားထီးရုပ်ပုံရာသီရုပ်ဖြစ်သည်။ ဆင်တာရာ ထွန်းပ၏။ တချို့က တံငါတာရာဟုဆို၏။

မြတ်ဘုရားရှင်သည် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သော အပင်ထူးအပင်မြတ်မှာ ဗောဓိပင်ဖြစ်သည်။ ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့တွင် "ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထင်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်က"ဟု စပ်ဆိုခဲ့၏။

ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရသည်။ ဗောဓိဟူသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်ဟူသော အနက်အဓိပ္ပာယ်တို့ကို ဟောသည်။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သဗ္ဗညုတဉာဏ်နှင့် ဧ ယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိမည်၏။

"ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟေ"ဆိုသည်နှင့် အညီ မြတ်ဘုရားရှင်၏ ဖွားဖက်တော် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ခြင်းကြောင့် အလွန်ထူးမြတ်သော အပင်ဖြစ်၏။ ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော အပင်ဖြစ်၍ ပရိဘောဂစေတီတွင် ပါဝင်၏။ ဥဒ္ဒကပါဌအဋ္ဌကထာနိမိကဏ္ဍသုတ်အဖွင့်၌ "စေတီဆိုသည်မှာ ပူဇော်သင့် ပူဇော်ထိုက်သည့် အရာဖြစ်သည်။ ထိုစေတီသည် ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီသုံးမျိုးရှိသည်။ ထိုသုံးမျိုးတွင်ဗောဓိပင်သည် ပရိဘောဂစေတီမည်၏" စသည်ဖြင့် ဖွင့်ဆိုထားသည်။

ထိုမျှသာမက မြတ်ဘုရားရှင်မာန်ငါးပါးကို အောင်မြင်တော်မူရာဖြစ်သော "သံဝေဇနိယနှင့် အဝိဟိတ" စသည့် ထူးမြတ်သောနေရာဌာနတွင် ဗောဓိပင်ပါဝင်သည်။ သဗ္ဗညုတရွှေဉာဏ်တော် ကွန့်မြူးပြည့်စုံရာဌာနာဖြစ်သောကြောင့်လည်း ဗောဓိမဏ္ဍိုင်ဟု ခေါ်၏။ ပါရမီတော်ခန်းတွင် "ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ နဝဂုဏ်တည်း" ဟု ဂုဏ်တင်ခဲ့၏။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ ပွင့်တော်မူရာအပင်များသည် အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်၏။ မည်သည့်အပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာအပင်ဖြစ်လျှင် ဗောဓိပင်ဟူသော အမည်ထူးကိုရ၏။ နောင်ပွင့်လတ္တံ့သော အရိမေတ္တယျဘုရားရှင်လက်ထက်တွင် ကံ့ကော်ပင်၌ပွင့်မည်ဟုဆိုလေရာ ထိုခေတ်ထိုအခါတွင် ကံ့ကော်ပင်သည် ဗောဓိပင်အမည်တွင်ပေလိမ့်မည်။

ထို့ကြောင့် အောင်ရာအောင်ကြောင်း ဆုပဏ္ဏာတောင်းချင်သောအခါများ၌ "ဘယ်ဘုရားမှာတဲ့ ဆွမ်းတော်တင်၊ ဘယ်ပလ္လင်ညောင်ရေလောင်းပါလို့ ဆုတောင်းပါရမည်" ဆိုသည့်အတိုင်း ဗောဓိပင်ညောင်ရေလောင်း၍ ဆုတောင်းပါက ပြည့်သည်ဟုလည်း ယုံကြည်ကြ၏။

ဝိသာခ(ပဲခူး)

သူဌေးသမီး သုဇာတာသည် ဘုရားလောင်းပွင့်တော်မူခါနီး၌ ညောင်ပင်ကြီးသို့ သွားရောက်ကာ "ကျွန်မအချိန်အရွယ်ရောက်၍ အမျိုးကောင်းသားနှင့် အိမ်ထောင်ပြုရလျှင် သားဦးဖွားမြင်အောင် မစတော်မူပါ" ဟူ၍ ဆုတောင်းလေသည်။ တောင်းသည့် ဆုပြည့်ကာ သားဦးရသကိုဖွားမြင်၍ ကဆုန်လပြည့်နေ့တွင် ပူဇော်ပွဲပြုလုပ်လေသည်။

ကဆုန်လပြည့်နေ့နှင့်ပတ်သက်၍ ဂေါတမဘုရားရှင် ဘုရားဖြစ်လုဆဲဆဲအချိန်၌ သူဌေးသမီးသုဇာတာသည် ထူးမြတ်လှသော ဃနာနို့ဆွမ်းကို မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် လှူဒါန်းခဲ့၏။

ဒီပင်္ကရာဘုရားရှင်လက်ထက် ဒီပင်္ကရာမြတ်ဘုရား ဆွမ်းခံကြွတော်မူရာတွင် သုမေဓာရှင်ရသေ့သည် ပြင်ဆင်နေသောလမ်း မပြီးသေးသဖြင့် ကိုယ်ကိုဝမ်းလျားမှောက်လျက် တံတားခင်းပေးခဲ့သည်။

"ဤရှင်ရသေ့သည်နောင်အခါတွင် ဂေါတမဟူ၍ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်" ဟု ဒီပင်္ကရာမြတ်စွာဘုရားက ဗျာဒိတ်မြွက်ကြားတော်မူသည်။ ထိုနေ့သည် ကဆုန်လပြည့်နေ့ဖြစ်၏။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို"အနေသက္ကရာဇ်ခြောက်ဆယ့်ရှစ်လျှင် တက်သစ်စကဆုန်လပြည့်ထသောကြာ၊ အချိန်ခါသင့်ပြီး မွန်းတည့်နီးဝယ်၊ ညီးညီးမြူတေ၊ အသေရေတိ၊ လျှံဝေညွန့်လူ၊ ဖွားတော်မူ၏"ဟူ၍ ပခန်းကြီးမြို့ အရှင်ကုမာရကဿပက ဓမ္မရာသီပျို့တွင် မှတ်တမ်းပြုခဲ့၏။

မြတ်ဘုရားရှင်သည် ရွှေပလ္လင်ဝယ်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌ မာရ်နတ်ကိုအောင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်မှာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)ဖြစ်၏။

မြတ်ဘုရားရှင်သည် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါ ကာလပတ်လုံး သတ္တဝါတို့အား တရားဓမ္မများ ဆုံးမဟောကြားတော်မူလျက် "ရဟန်းတို့ ပြုပြင်စီရင်အပ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ မမေ့မလျော့သော အပ္ပမာဒတရားဖြင့် နေကြပါ"ဟု နောက်ဆုံးမှာကြားခဲ့ကာ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန် လပြည့်(အင်္ဂါနေ့)တွင် မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြု တော်မူလေ၏။

"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန် ကဆုန်လပြည့်ကြို" ဟူသော စကားစဉ်သည် ဂေါတမဘုရားရှင်သာလျှင် ဤကဆုန်လရာသီတွင် ဖွားမြင်တော်မူခြင်း၊ ဘုရားအဖြစ်ကို ရောက်ရှိတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပါ။ နှစ်ကျိပ်ရှစ်ဆူသော မြတ်ဘုရားရှင်တို့သည်လည်း ဖွားတော်မူသည်။ ဘုရားအဖြစ် ပွင့်တော်မူသည်။ ပရိနိဗ္ဗာန်ပြုတော်မူကြသည်။ မြတ်ဘုရားရှင်တို့၏ ထူးမြတ်သောအချက်လက္ခဏာသည် ကဆုန်လပြည့်နေ့၌ ထပ်တူဖြစ်နေတော်မူ၏။

ဗျာဒိတ် ဖွားမြင် ဗောဓိပင် စံဝင် နိဗ္ဗာန်နန်း ဆိုအပ်သော ဗုဒ္ဓဖြစ်စဉ်အရ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးမြတ်သော နေ့တစ်နေ့တွင် ပါဝင်၏။ ယင်းနေ့ကို "ဗုဒ္ဓနေ့" ဟု ခေါ်ဆိုသည်။ ဗုဒ္ဓနေ့တွင် ညောင်ရေသွန်းပွဲတော် ပြုလုပ်သည်။ ညောင်ရေသွန်းပွဲတော်သည် မြတ်ဘုရားရှင် ပွင့်တော်မူသော ဗောဓိပင်ကို ရေသွန်းလောင်းခြင်းပင်ဖြစ်၏။

ညောင်ရေသွန်းကြရာတွင် ညောင်ပင်တိုင်းကို သွန်းလောင်းကြသည်မဟုတ်ပါ။ မြတ်ဘုရားရှင် ပွင့်တော်မူခဲ့ရာ မူလမဟာဗောဓိပင်၏ ပင်ပွားများကို သွန်းလောင်းကြခြင်းဖြစ်သည်။ မဟာဗောဓိပင်ပွားများသည် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ရောက်စ အလွန်ရှေးကျသော ခေတ်ကပင် ရောက်လာခဲ့လိမ့်မည်ဟု ခန့်မှန်းရ၏။ သက္ကရာဇ် ၅၆၃ ခုနှစ်ခွဲ၊ သင်ကြီးညောင်အုပ်ကျောက်စာ(ကျောက် ၂၊ ၃)တွင် "က(မိ)န်ပယ်ကူလေပြီအေ်၊ ညောင်မီဖုန် ----"ဟု လည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ်ခွဲ၊ စောလှဝန်းဘုရားကျောက်စာ(ကျော ၂၂၊ ၂၃)တွင် "မီးဖုန်သကြ်န်၊ စာရိယ်၊ ညောင်ရိယ်သွန်၊ မပြတ်စေလျှင်တည်၏" ဟု လည်းကောင်း၊ ပင်းယခေတ်တွင် ပေါ်လာသော ပြည်မင်းမျက်နှာရှည် ကာချင်းတွင် "စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး"ဟူ၍ လည်းကောင်း ရေးထိုးခဲ့သည်။ ဤသည်ကို ထောက်လျှင် ပုဂံခေတ်၊ ပင်းယခေတ်တို့တွင် ညောင်ရေသွန်းဓလေ့ရှိနေပြီဖြစ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်လက်ထက်တွင် မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည် ကဆုန်လပြည့်နေ့က မဲဇာရပ်သူတို့ ညောင်ရေသွန်းလောင်းနေသည်ကို တွေ့မြင်လိုက်ရသည့်အခါ ရတနာပူရ ရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကြီးကို မျက်စိထဲမြင်ယောင်လာပြီး-----"ပွဲခါညောင်ရေသွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်" စသည်ဖြင့် အလွမ်းဘွဲ့ပိုဒ်စုံရတုကို သီကျူးခဲ့လေသည်။

ထို့အတူ စာဆိုတော် ဦးအောင်ကြီး ကဆုန်လဘွဲ့လူးတားကဗျာတွင်လည်း "မြူတာတကောင်း၊ ပသင်း တောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရှိသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်၊ အခါညောင်ရေသွန်းတည့်လေး---" ဟုဖွဲ့ဆိုကာ ကြည်လင်သဒ္ဓါ ငြိမ်းရာအေးကြောင်း ရှိစေသောငှာ ညောင်ရေအိုးတွင် ရေအပြည့်ဖြင့် သွန်းလောင်းခြင်း ကုသိုလ်ကို စာဆိုရှင်တို့က ပုံရိပ်ဖော်ထားခဲ့ကြသည်။ သို့ဖြစ်၍ အနှစ်သာရရှိလှသော ကုသိုလ်ရေးပွဲတော်ကြီးဖြစ်သည်ဟု ဆိုရပေမည်။ ပူပြင်းခြောက်သွေ့ ရေပြတ်သည့်အခါ ဗောဓိပင်အား ညောင်ရေသွန်းလောင်းကြသည်မှာ သဘာဝကျလှ၏။ ညောင်ရေသွန်း၍ အောင်ရာအောင်ကြောင်း ဆုပဏ္ဏာတောင်းလာကြသော "ဗုဒ္ဓနေ့" သည် ရာသီပြိဿ ကဆုန်လဖြစ်ပေတော့သတည်း။ ။

(၂၈၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၈၀) ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ (၁-၅-၂၀၁၂)နေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)

ဖ-၁၈၉၀၇၁

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀၀)

က-၇၄၅၂၄၄

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)

စ-၂၇၇၀၃၉

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဃ-၈၅၅၄၆၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဌ-၅၈၀၄၄၂
ဌ-၉၇၄၆၄၇

ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဖ-၄၅၆၂၄၉	က-၅၃၈၃၇၃
ထ-၆၅၆၀၆၉	စ-၅၅၇၈၅၀
ဆ-၅၄၀၉၅၂	တ-၉၈၈၉၉၄
ဍ-၁၀၆၉၄၇	တ-၁၀၆၆၀၄
ပ-၈၈၆၅၆၅	ထ-၂၉၃၆၄၇
ည-၄၈၆၇၁၉	ဗ-၆၁၀၆၄၁
ဓ-၁၂၅၃၀၉	ဋ္ဌ-၃၃၈၅၇၄

ရမည်းသင်းမြို့တွင် မိုးသည်းထန်စွာရွာပြီး မိုးသီးများကျ

ရမည်းသင်း မေ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် ဧပြီလနောက်ဆုံးပတ်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ရမည်းသင်းမြို့ပေါ်တွင် ဧပြီ ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများပါ ကျခဲ့သည်။ **(အောက်ပုံ)** မိုးရွာသွန်းချိန်တွင် အရပ်လေးမျက်နှာမှ လေတိုက်ခတ်မှုရှိခဲ့သည်။ မြို့ပေါ်ရပ်ကွက်အချို့တွင် အိမ်ခေါင်မိုးများ လန်ခြင်း၊ သစ်ပင်ငယ်များ သစ်ကိုင်းကျိုးကျခြင်းများ ဖြစ်ပွားခဲ့သည်။

ရာသီဥတုပူပြင်းချိန်တွင် ရွာသွန်းခဲ့သော မိုးကြောင့် အပူအအေးပြောင်းလဲမှု မြန်ဆန်ကာ မြို့တောင်ဘက် ကန်သင်းအနီးတွင် ကျွဲတစ်ကောင် မိုးကြိုးထိကာ သေဆုံးသကဲ့သို့ ရမည်းသင်းမြို့ တောင်ဘက်ရွာတစ်ရွာတွင်လည်း ကျွဲတစ်ကောင် မိုးကြိုးထိ၍ သေဆုံးခဲ့သည်ဟု သိရသည်။

မိုးရွာသွန်းမှုကြောင့် အပူချိန်လျော့နည်းသွားသည့်အတွက် ဒေသခံများ ဝမ်းသာကြသည့်နည်းတူ မီးဘေးအန္တရာယ်အတွက် တဒင်္ဂစိတ်ချရပြီး ငရုတ်ပျိုးထောင်ထားကြသော တောင်သူများမှာလည်း ပျိုးပင်များ အအေးဓာတ်ရရှိသည့်အတွက် ဝမ်းသာကြသည်ဟု သိရသည်။ (၆၅၄)

❐ရော်ဘင်မှ

ခြင်းကြောင့် မန်စီးတီး၊ စပါးနှင့် လီဗာပူးအသင်းတို့က ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

သို့သော် ရော်ဘင်အနေဖြင့် ဘိုင်ယန်၌ ကစားရန်ဆန္ဒရှိနေခြင်းကြောင့် ၂၀၁၅ ခုနှစ်တိုင်အောင် ဘိုင်ယန်မြူးနစ်အသင်း၌ ဆက်ရှိနေမည်ဟု ဆိုသည်။ ထို့ကြောင့် ပရီမီယာလိဂ်ထိပ်တန်းကလပ်များက ကမ်းလှမ်းလာသော်လည်း အဆိုပါ ကမ်းလှမ်းမှုများကို သဘောတူညီခဲ့ခြင်း မရှိကြောင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့ကစားရန် ဆန္ဒမရှိသေးကြောင်း ဆိုသည်။

ဒက်ချ်တိုက်စစ်မှူး ရော်ဘင်သည် လက်ရှိ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၁၃ ခုနှစ် အထိသာ ချုပ်ဆိုထားသူဖြစ်သည်။ ရော်ဘင်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်၌ ဘိုင်ယန်အသင်း၏ အောင်မြင်မှုကို ဂုဏ်ယူမိသော်လည်း မိမိအား ဘောလုံးပေးကစားမှုနည်းနေသေးသည့်အတွက် စိတ်ပျက်မိကြောင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာ ပြောင်းရွှေ့ကစားရန် ရည်ရွယ်ထားကြောင်း ရော်ဘင်က ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

(3-5)10.pmd 1 5/3/2012, 4:18 AM

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျွမ်းဘားအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး

ဖျော်ဖြေပွဲများမှ ရရှိသောဝင်ငွေများကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ည ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်ရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် မြို့တော်ခန်းမရင်ပြင်ရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည့် တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အဆိုပါဖျော်ဖြေပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျွမ်းဘားအနုပညာကို နှစ်သက်သည့် ဒေသခံပြည်သူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကြိုဆိုဂုဏ်ပြု နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း၊ ရေမြေချင်း ထိစပ်နေပြီး နှစ်ပေါင်းထောင်ချီကာ အစဉ်အဆက် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲဆက်ဆံ နေထိုင်လာခဲ့ကြသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ ထို့ကြောင့်လည်း နှစ်နိုင်ငံပြည်သူများအကြား ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ နီးစပ်ဆက်နွယ်တူညီကြပြီး ရှေးပဝေသဏီကတည်းက ဆွေမျိုးပေါက်ဖော်အဖြစ်နှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ နေထိုင်လာခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ထားကြပြီးဖြစ်ပါကြောင်း။

ရှေးဟောင်းတရုတ်ခေတ်ပြိုင်မှတ်တမ်းများအရ ခရစ်နှစ် ၈၀၂ ခုနှစ်တွင် အဖွဲ့ဝင် ၃၅ ဦးပါဝင်သည့် မြန်မာနိုင်ငံမှ ပျူသုခုမအနုပညာရှင်အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံသို့ သွားရောက်ပြီး ဖျော်ဖြေခဲ့ဖူးကြောင်း သမိုင်းမှတ်တမ်းတွင် အထင်အရှားတွေ့ရှိရပါကြောင်း၊ ထိုသို့ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအနုပညာရှင်အဖွဲ့များ အပြန်အလှန်စေလွှတ်ပြီး ယဉ်ကျေးမှုချင်းဖလှယ်ခဲ့ကြသည့် အစဉ်အလာကောင်းသည် ထိုကာလမှသည် ယနေ့ထက်တိုင် အစဉ်အဆက် တည်တံ့ရှင်သန်နေသည်ကို ယနေ့ဖျော်ဖြေတင်ဆက်ပွဲက သက်သေပြလျက်ရှိပါကြောင်း၊ ထိုသို့ အပြန်အလှန် ယဉ်ကျေးမှုဖလှယ်ရေး အစဉ်အလာကောင်းများကြောင့်လည်း နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းသာမက ပြည်သူများအချင်းချင်းပါ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ယနေ့လက်ရှိ နိုင်ငံတကာဆက်ဆံရေး၏ အခြေခံမူများဖြစ်သော ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ချက်ကို စတင်ချမှတ်ကျင့်သုံးခဲ့ကြသည့် ကနဦးနိုင်ငံများဖြစ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်ပေါင်း ၆၀ ကျော် ကာလအတွင်းတွင်လည်း ယင်းမူကြီး(၅)ချက်အပေါ် အခြေခံကာ အိမ်နီးချင်းမိတ်ဆွေကောင်းပီသစွာဖြင့် နိုင်ငံတကာမျက်နှာစာနှင့် ဒေသတွင်းမျက်နှာစာအသီးသီးတွင် နှစ်ဖက်အကျိုးတူ ကိစ္စရပ်များကို **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

ရော်ဘင်အား မန်စီးတီး၊ စပါးနှင့် လီဗာပူးတို့ စိတ်ဝင်စားနေ

မြူးနစ် မေ ၂

ဂျာမန်ကလပ်ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်မှူး အာဂျန်ရော်ဘင်**(အပေါ်ပုံ)**အား ပရီမီယာလိဂ်ထိပ်သီးကလပ်များဖြစ်သည့် မန်စီးတီး၊ စပါးနှင့် လီဗာပူးအသင်းတို့က စိတ်ဝင်စားနေကြောင်း ဂျာမန်သတင်းဌာနတစ်ခုက သတင်းဖော်ပြသည်။

အသက် (၂၈)နှစ်အရွယ်ရှိ ဒက်ချ်တောင်ပံကစားသမား ရော်ဘင်သည် ဥရောပတစ်လွှားတွင် ကြောက်မက်ဖွယ်တိုက်စစ်ဆင်ကစားနိုင်သော တောင်ပံကစားသမားဖြစ်လာ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့❒**

ဟိမဝန္တာဒေသရှိ ရေခဲအိုင်များ အရွယ်အစား ကြီးမားလာသည်ဟု လေ့လာတွေ့ရှိရ

ဘာသာပြန် - ဂျေတီ

ဟိမဝန္တာတောင်တန်းဒေသရှိ ရေခဲအိုင်များ၏ အရေအတွက်မှာ မကြာသေးခင်နှစ်များက လျော့နည်းလာခဲ့ကြောင်း၊ သို့သော် ရေခဲအိုင်များ၏ စုစုပေါင်းဧရိယာမှာ ကျယ်ပြန့်လာကြောင်း မေ ၁ ရက်က ထုတ်ပြန်သည့် သုတေသနလေ့လာချက်အရ သိရှိရသည်။

တရုတ်သိပ္ပံအကယ်ဒမီနှင့် ဟူနန်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့က ကြီးမှူးပြုလုပ်သည့် ဟိမဝန္တာတောင်တန်းဒေသများရှိ ရေခဲအိုင်များဆိုင်ရာ နှစ်ပေါင်း ၃၀ ကြာ လေ့လာချက်ကို တရုတ်သိပ္ပံပညာရှင် ဝမ်ရှင်က ဦးဆောင်ခဲ့သည်။

ဟိမဝန္တာတောင်တန်းဒေသရှိ ရေခဲအိုင်များမှာ ရေခဲပြင်ကြီးများ အရည်ပျော်ခြင်းမှ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ကြရာ အဆိုပါ လေ့လာချက်သည် ရေခဲပြင်ကြီးများ၊ ရေခဲအိုင်များနှင့် ကုန်းမြင့်ပိုင်းဒေသများရှိ ရာသီဥတုအခြေအနေများနှင့်အတူ ရေအိုင်ထဲရှိရေများ ကမ်းပေါ်သို့လျှံတက်မှုအန္တရာယ်များအကြား ဆက်စပ်မှုများကို သိပ္ပံပညာရှင်များအား ပိုမိုနားလည်စေမည်ဟု ဝမ်က ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

ဟိမဝန္တာတောင်တန်းဒေသမှ ရေခဲအိုင်တစ်ခုကို တွေ့ရစဉ်။

ဂျနီဖာလိုပက်ဇ်နှင့် အန်ရီကေးတို့ ပူးတွဲဖျော်ဖြေမည့် ကမ္ဘာလှည့်ဖျော်ဖြေပွဲခရီးစဉ်များ နေ့ရက်သတ်မှတ်

ကမ္ဘာကျော်အဆိုတော်၊ သရုပ်ဆောင် ဂျနီဖာလိုပက်ဇ်က လူငယ်အဆိုတော် အန်ရီကေး အစ်ဂ်လီဆီအက်နှင့်အတူ ပူးပေါင်း၍ ကမ္ဘာတစ်ဝန်းလှည့်လည်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။**(အပေါ်ပုံ)**

American Idol သီချင်းဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်လူကြီးတစ်ဦးဖြစ်သည့် ဂျနီဖာလိုပက်ဇ်သည် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပခဲ့သော အဆိုပါသတင်းထုတ်ပြန်ကြေညာသည့် အခမ်းအနားသို့ စပါးကြီးမြွေဝတ်စုံ **စာမျက်နှာ ၈ ကော်လံ ၁ သို့❑**

(3-5)20.pmd 1 5/3/2012, 4:18 AM